# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါတီ စည်း ရုံး ရေး စာ စဉ်

မေ၊ ၂၀၂၄






# စည်းရုံးရေးသည်တိုက်ပွဲ – တိုက်ပွဲသည်စည်းရုံးရေး

မေလဟာ ကမ္ဘာကျော် အလုပ်သမားတိုက်ပွဲနေ့ (မေဒေး) ရှိတဲ့လ။ အမေရိကန်အလုပ်သမားထုရဲ့ တိုက်ပွဲစတဲ့ ၁၈၈၆ ကနေဆိုရင် ၁၃၈ နှစ် ရှိခဲ့ပြီ။ ကမ္ဘာ့အလုပ်သမားထုရဲ့ တိုက်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့တဲ့ ၁၈၈၉ ကနေ စရေတွက်ရင် ၁၃၅ နှစ် ရှိပြီ။

တိုက်ပွဲလဖြစ်တော့ ရဲဘော်များကို တိုက်ပွဲစကား ပါးလိုက်တယ်။

စည်းရုံးရေးဟာ တိုက်ပွဲ–တိုက်ပွဲကိုယ်တိုင်က စည်းရုံးရေးပဲ ဖြစ်တယ်။ ၂၀၁၈ နိုင်ငံလုံးဆိုင်ရာ ပါတီစုံညီ အစည်းအဝေးက အတည်ပြုထားတဲ့ ပါတီတည်ဆောက်ရေး ရေရှည်ရည်မှန်းချက်ထဲမှာ မိမိတို့ ပါတီကို နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ စည်းကမ်းအရ၊ ဒီမိုကရေစီလုပ်ဟန်အရ ကြံ့ခိုင်တဲ့ပါတီ ဖြစ်အောင် ကြိုးစားတည်ဆောက်မယ်လို့ ပထမဆုံးအချက်အနေနဲ့ ဖော်ပြထားတယ်။

တဦးချင်းအတွေးအခေါ်ကို ပါတီအတွေးအခေါ် ဖြစ်လာဖို့၊ ဖိနှိပ်သူလူတန်းစားတွေရဲ့ အမူအကျင့်ကနေ ဖိနှိပ်ခံလူတန်းစား ၄ ရပ်ရဲ့ အမူအကျင့်ဖြစ်လာဖို့၊ လျော့လျဲတဲ့ အပေါ်ယံကျတဲ့ အထက်ဖား–အောက်ဖိဆန်တဲ့ တွက်ကပ် ညစ်စုတ်တဲ့ ဆက်ဆံရေးကနေ ရဲဘော်ရဲဘက်စိတ်၊ ပါတီစိတ် အခြေခံတဲ့ ဝေဖန်ရေးနဲ့ မိမိကိုယ်ကိုယ်ဝေဖန်ရေးကို နည်းလမ်းတကျ ကျင့်သုံးပြီး ရိုင်းပင်း ဖေးမတတ်တဲ့ ဆက်ဆံရေးမျိုး ဖြစ်လာဖို့၊ တလွဲဆံပင်ကောင်းတဲ့ စည်းလွတ်ဝါးလွတ် တဦးချင်းဆန်မှုတွေကနေ အပြန်အလှန် လေးစားမှုအခြေခံနဲ့ ကော်မတီအဆင့်ဆင့်ရဲ့ စနစ်တကျ တာဝန်ခံမှုတွေ အားကောင်းလာဖို့၊ ဒီမိုကရေစီလည်းရှိ ဗဟိုချုပ်ကိုင်မှုလည်းရှိ၊ စည်းကမ်းလည်းရှိ လွတ်လပ်မှုလည်းရှိတဲ့ လုပ်ဟန်တွေ ဖွံ့ဖြိုးလာဖို့ ရဲဘော်တဦးချင်းစီကရော၊ အစုအဖွဲ့လိုက်ပါ အားထုတ်ကြရမယ်။ ဒီနေရာမှာ တဖက်က ပါတီဝင်တိုင်း

မပြတ် သတိပြုရမယ့် ပါတီဝင်တဦးရဲ့ တာဝန်ဝတ္တရား ၂ ချက် ဖြစ်တဲ့ အလုပ်ကို ရိုးသားတက်ကြွစွာ လုပ်ဖို့၊ ကိုယ့်ကိုယ်ရော သူတပါးကိုပါ နောက် ပါတီတခုလုံးကိုပါ နိုင်ငံရေးအရည်အသွေးအရ၊ စွမ်းဆောင်ရည် အရည်အချင်းအရ မြှင့်တင်ဖို့ ဆိုတာတွေလည်း မေ့လို့မရဘူး။

ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်ရဲဘော်ကို၊ ကိုယ့်အစုဖွဲ့ကို၊ ကိုယ့်ပါတီတခုလုံးကို စည်းလုံးမှု၊ ချစ်ကြည်မှု၊ လန်းဆန်းတက်ကြွမှုအပြည့်နဲ့ စံပြဆိုတဲ့အဆင့်ရောက်ဖို့ ပါတီဝင်တိုင်း စည်းရုံးရေးလုပ်ငန်းကို တိုက်ပွဲတရပ်လို ကျားကုတ် ကျားခဲ အားထုတ်ရလိမ့်မယ်။ ပါတီဖြစ်တော့ တဦးတည်း တဦးချင်း စံပြနေလို့မရဘူး၊ အစုအဖွဲ့လိုက် စံပြ ဖြစ်ရလိမ့်မယ်။ ပါတီဝင်သက်တမ်း ရင့်လေလေ၊ ပါတီတာဝန် ပိုကြီးလေလေ စည်းရုံးရေးတိုက်ပွဲအတွက် ပိုတာဝန်သိလေလေဖြစ်ဖို့ လိုတယ်။ တိုက်ပွဲဆိုတာ မနိုင်မချင်း တိုက်ရတာပဲ။ စည်းရုံးရေးတာဝန်ဆိုတာ ပါတီဘဝတလျှောက် မပြတ်တမ်း အချိန်ပြည့် ထမ်းဆောင်ရတဲ့အလုပ်ပဲ။

တိုက်ပွဲဟာ စည်းရုံးရေး။

ဒီနေ့ပါတီက ကိုယ်စားပြုချင်တဲ့၊ ကာကွယ်ချင်တဲ့ လူတန်းစား ၄ ရပ်ဟာ အဖိနှိပ်ခံဘဝက လွတ်မြောက်ဖို့ တိုက်ပွဲဝင်နေတယ်။ လူမျိုးစုံ ဗမာပြည်သူတွေနဲ့အတူ စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ဖို့ တိုက်ပွဲဝင်နေတယ်။ ပြည်သူတွေရဲ့ နေ့စဉ်ဘဝတွေဟာ နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ရုန်းကန်တိုက်ခိုက်နေကြရတဲ့ တိုက်ပွဲထဲမှာ ရောက်နေကြတယ်။ ပါတီဟာ ပါတီရဲ့အလုပ်တွေဟာ ပါတီရဲဘော်တွေဟာ အဖိနှိပ်ခံ လူမျိုးစုံပြည်သူတွေရဲ့ တိုက်ပွဲတွေဆီ သွားကြရမယ်၊ သူတို့နဲ့တူတူ တိုက်ပွဲဝင်ကြရမယ်။ ပါတီကသပ်သပ်–ပြည်သူကသပ်သပ်၊ ရဲဘော်တွေကသပ်သပ်၊ တိုက်ပွဲတွေက သပ်သပ် ဖြစ်လို့မရဘူး။ ပြည်သူတွေဘက်က ရပ်ချင်ရင်၊ ပြည်သူ့ပါတီ ဖြစ်ချင်ရင် သူတို့ဘဝ သူတို့ဒုက္ခ သူတို့တိုက်ပွဲတွေနဲ့ တူတူမရှိတဲ့ပါတီကို သူတို့ပါတီလို့ မှတ်ယူဖို့ ခက်မယ်ဆိုတာ သဘောပေါက်နှင့်ကြရပါမယ်။ ၂၀၁၈ ပါတီစုံညီအစည်းအဝေးမှာ ဥက္ကဋ္ဌ ပြောခဲ့တဲ့အတိုင်း ပြည်သူလူထုရဲ့ နှလုံးသည်းပွတ်ကို ရအောင်ယူကြဖို့ဆိုရင် ဒီနေ့ လူမျိုးစုံဗမာပြည်သူတွေ ဆင်နွှဲနေတဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်သုတ်သင်ရေး တိုက်ပွဲထဲကို နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ဆက်စပ်ပါဝင် ပူးပေါင်းကြရမှာဖြစ်တယ်။ တိုက်ပွဲတိုက်တာဟာ စည်းရုံးရေးလုပ်တာပဲ။

### ရည်ညွှန်း

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ–ပါတီဝင်လက်စွဲစာအုပ်ပါ ပါတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ ပါတီတည်ဆောက်ရေး ရေရှည်ရည်မှန်းချက်များ။

၂၀၁၈ – ဒီဇင်ဘာ နိုင်ငံလုံးဆိုင်ရာ ပါတီစုံညီအစည်းအဝေး၌ ပြောကြားခဲ့သည့် ပါတီဥက္ကဋ္ဌ၏ အမှာစကား။

■

ယခုလ မျက်နှာဖုံးနှင့်ပတ်သက်၍ ဝန်ခံချက်

Edvard Munch(1863-1944) ၏ Scream ပန်ချီကားကို အခြေခံ၍ ဖန်တီးထားခြင်း ဖြစ်ပါသည်။



# လောကဘုရားပွင့်ပါလေ

ချစ်ပါသည်ဟု
အလီတရာ၊ ကျူးသီပါသည်
မေတ္တာဘုရား၊ သူ လှည့်စားလျှင်
တရားမဝင်တော့ပါချေ။

ရိုးရိုးကျင့်ကြံ
မြင့်မှန်ဖြူဖွေး၊ စိတ်ဝမ်းမွေးသည်
ငွေကြေးဘုရား၊ သူ လှည့်စားလျှင်
တရားမဝင်တော့ပါချေ။

ငြိမ်းချမ်းရေးဟု
ဟစ်ကြွေးသံပွက်၊ တခဲနက်သည်
လက်နက်ဘုရား၊ သူ လှည့်စားလျှင်
တရားမဝင်တော့ပါချေ။

လွတ်လပ်ခွင့်ဟု
ရင်ဖွင့်သစ္စာ၊ အမှန်ရှာသည်
အာဏာဘုရား၊ သူ လှည့်စားလျှင်
တရားမဝင်တော့ပါချေ။

ဩော် ... သာသည့်မြေတွင်
ငွေနှင့်လက်နက်၊ အာဏာစက်တို့
ဖျက်သိမ်းပျက်ပါ၊ တို့မြေချာသည်
သစ္စာထွန်းပ၊ ငြိမ်းအေးမြသည့်
လောကဘုရား ပွင့်ပါ ဘုရား။

လောကဘုရား
ပွင့်စေငြားရန်၊ လုသား၏သွေး
နီမောင်းစွေးသည်၊ စတေးမြတ်ခံ
စွမ်းအားသန့်၍
တော်လှန်စီးဆင်းရဦးမည်တကား။

မောင်လေးအောင်
(ချစ်သူတို့၏ အလှဆုံးခေတ်ဦး)



# အဝင်အထွက်တွေ ပိုစိပ်လာတယ်၊ ညီညီညွတ်ညွတ် ပြင်ဆင်ထားကြပါ

လွန်းနွေငြိမ်း

ဒီရက်ပိုင်းတွေမှာ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်က ငြိမ်းချမ်းရေးအကျိုးဆောင် လုပ်ဖို့ ရှေ့ပြေး ကမ်းလှမ်းမှုတချို့လုပ်လာတာ တွေ့ရတယ်။ အဲဒီလိုပဲ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ချင်တယ်၊ တွေ့ခွင့်ပေးပါလို့ စစ်ကောင်စီတာဝန်ရှိသူတွေကို တောင်းဆိုတယ်လို့ကြားရတယ်။ တရုတ်ခေါင်းဆောင်တွေ အဝင်အထွက် ပိုစိပ်လာတယ်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်ဟိုင်းဆိုရင် မအလကို တွေ့တာအပြင် ဗိုလ်သန်းရွှေတို့၊ ဗိုလ်မောင်အေးတို့၊ ဗိုလ်သိန်းစိန်တို့ကိုပါ သွားရောက် တွေ့ဆုံတာမျိုးတွေ လုပ်လာတယ်။ ဒါ ဘာသဘောလဲ။ ဘယ်လို အဓိပ္ပာယ်လဲ။

၂ မျိုး ဖြစ်နိုင်တယ်လို့ ကျနော် ယူဆမိတယ်။

တမျိုးက ကျနော်တို့နိုင်ငံရဲ့အခြေအနေ၊ ပိုပြီးတိတိကျကျပြောရရင် မအလစစ်တပ်က ပြည်သူတွေ အပေါ် စက္ကန့်နဲ့အမျှ ကျူးလွန်နေတဲ့ ကိစ္စရပ်တွေအပေါ် ဘယ်လိုမှ ဆက်ပြီးကြည့်မနေနိုင်တော့လို့၊ ရုပ်ဆိုးအကျည်းတန်လွန်းလို့ ကူလို့ရသမျှ ကူပေးချင်ကြလို့ ဝင်ကြထွက်ကြ၊ စကားစကြတာ ဖြစ်နိုင်ပါ တယ်။

နောက်တမျိုးက မအလ ဗိုက်နာနေပြီဆိုတာ သိကြပြီး၊ မအလ အကြံကုန်နေပြီဆိုတာပါ သိကြပြီး ၂ ဖက် အပစ်အခတ်တွေ ရပ်ကြဖို့၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာကြဖို့ ငြိမ်းချမ်းရေးအကျိုးဆောင် လုပ်ပေးချင်လို့ သံခင်းတမန်ခင်းတွေ စခင်းကြည့်ကြတာ ဖြစ်နိုင်ပါတယ်။

တရုတ်ပြည်က တာဝန်ရှိသူတွေ၊ ဝန်ကြီးချုပ်ဟောင်းတွေ စဉ်းစားကြမယ်ဆိုလည်း စဉ်းစားစရာပါ။ မအလ အခြေအနေက ဘက်ပေါင်းစုံ ယိုင်နဲ့ပြိုဆင်းပြီး တိုက်တိုင်းရှုံးလို့ ပြောရလောက်အောင် တပ်ပျက်နေပြီ ဖြစ်ပါတယ်။ စခန်းကြီးစခန်းငယ်ပေါင်း မရေမတွက်နိုင်အောင် လက်လွှတ်လိုက်ရတယ်။ တော်လှန်ရေးတပ်တွေက မြို့ပေါင်း ၅၂ မြို့ကို သိမ်းထားပြီ ဖြစ်တယ်။ နိုင်ငံရဲ့ ၆၀ ရာခိုင်နှုန်းကို မထိန်းချုပ်နိုင်တော့ဘူး ဖြစ်တယ်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေ၊ မဟာဗျူဟာလမ်းမကြီးတွေ အကုန်လုံးကို ထိန်းချုပ်ဖို့ နေနေသာသာ အနားတောင်မကပ်နိုင်တော့အောင် ဖြစ်လာတယ်။ နေပြည်တော်အထိ၊ ပြင်ဦးလွင်အထိ၊ ကပစ စက်ရုံတွေအထိ၊ လေတပ်စခန်းတွေနဲ့ လေယာဉ်တွေအထိ စိတ်မအေးရတဲ့ အနေအထားတွေ ဖြစ်လာတယ်။

သူ့တပ်တွေက ရင်ဆိုင်ပြီး ရင်မြေကတုတ်လုပ်ပြီး သေသေကျေကျေ တိုက်တာထက်၊ လက်နက်ချတာ၊ လက်နက်တွေထားပစ်ပြီး ကိုယ်လွတ်ထွက်ပြေးတာတွေ ပိုလုပ်လာကြတယ်။ ရှေ့တန်းထွက်ဖို့ တွန့်နေကြတယ်။ အရာရှိငယ်တွေ၊ အလတ်တွေကိုယ်တိုင် အထက်အမိန့်ကို လွန်ဆန်ချင်စိတ် ဖြစ်နေကြတာ တွေ့လာရတယ်။

အကျအဆုံးတွေ၊ အယိုအဖိတ်တွေအတွက် တပ်သားသစ်ဖြည့်ဆည်းဖို့က ခက်ခဲလာတယ်။ဒါကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုတာကို ထုတ်ပြီး လူငယ်လူရွယ်တွေကို ပစ်မှတ်ထား စုဆောင်းဖို့ ကြံစည်ကြည့်တယ်။ တပ်သားသစ်ရရှိတာထက် လူထုရဲ့ မုန်းတီးစက်ဆုပ်မှုကို ပိုပြီးရရှိတယ်။ ဆက်ပြီးတော့ အသက်ပြည့်လို့ နားသွားတဲ့ စစ်မှုထမ်းဟောင်းတွေ၊ ဆေးပင်စင်ယူထားသူတွေကိုပါ အရန်စစ်မှုထမ်းဥပဒေ ဆိုပြီး အတင်းအဓမ္မ စစ်ထဲ ပြန်ဆွဲထည့်ဖို့ လုပ်လာပြန်တယ်။ လူထုကလည်း ရွံ၊ စစ်မှုထမ်းဟောင်းတွေကလည်း အော့နှလုံးနာ ဆိုတာမျိုးတွေ ဖြစ်လာတယ်။

ဒီနေ့ ဒီအချိန်လောက် သူတို့သမိုင်းမယ် ရုပ်ပျက်ဆင်းပျက်ဖြစ်တာ မရှိဘူးလို့ထင်ပါတယ်။ ဒါကြောင့်လည်း မအလ ခေါင်းဆောင်မှုညံ့တယ်။ စီမံခန့်ခွဲမှုညံ့တယ်။ တပ်ချုပ် ပြောင်းပစ်မှရမယ် ဆိုတာမျိုး၊ တပ်တွင်းအာဏာသိမ်းဖို့ ကြံစည်တာမျိုးတွေ ကြားလာရတယ်။ အာဏာသိမ်းဖို့ ကြံစည်သူအဖြစ် ဝန်ကြီးဟောင်း မြင့်လှိုင်ကို ဖမ်းလိုက်တာ၊ သူ့ကို စစ်ဆေးချက်တွေအရ မအလရဲ့ လူရင်းလူယုံဆိုသူတွေပါ ပါကုန်ကြပြီး ဖမ်းဆီးစစ်ဆေးခံရတာတွေ ဆက်တိုက်ဖြစ်လာတယ်။ သူ့တပ်ရဲ့ ထိပ်ပိုင်းအရာရှိကြီးတွေ၊ ရဲမှူးကြီးတွေ ဆိုတာလည်း အဂတိပြစ်မှုတွေနဲ့ အရေးယူခံရတာ၊ ကျားဖျန့်ငွေလိမ်ဂိုဏ်းနဲ့ ပတ်သက်ပြီး အရေးယူခံရတာတွေ ဆက်တိုက်ဖြစ်နေတယ်။

မအလတော့ မအိပ်နိုင်မစားနိုင်နဲ့ ရူးကြောင်ကြောင် ဖြစ်နေပြီလို့ တွက်ဆမိပါတယ်။ရင်ဆိုင်တိုက်ပွဲတွေမှာ ရှုံးပြီးရင်းရှုံးနေတာမို့ ပြည်သူကို ပစ်မှတ်ထားပြီး အကြမ်းဖက် သတ်ဖြတ်တာကို နည်းပရိယာယ်ကောင်းကြီးလုပ်ပြီး နေရာအနှံ့မှာ ခွေးရူးတကောင်လို မြင်မြင်ရာတွေ ပစ်သတ်နေတယ်။ ကလေးပဲပါပါ၊ ကိုယ်ဝန်ဆောင်မိခင်ပဲပါပါ၊ သက်ကြီးရွယ်အိုပဲပါပါ ဘာကိုမှမစဉ်းစားဘဲ အစုလိုက်အပြုံလိုက်တွေ ပစ်သတ်နေတယ်။ စစ်ပွဲဖြစ်လို့၊ စစ်ပွဲနေရာမို့လို့ မဟုတ်တော့ဘဲ အလွတ်ကြီးကို ဖုံးလာကြပြီး၊ လက်နက်ကြီးနဲ့ပစ်ပြီး၊ စစ်ကြောင်းထိုးပြီး လူမဆန်အောင်ကို မိုက်မိုက်ကန်းကန်း ပစ်သတ်နေတာ ဖြစ်ပါတယ်။ ဒီရက်ပိုင်းအတွင်း စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းထဲက အရပ်သားတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်တာတွေ ဆက်တိုက် ဖြစ်လာတယ်။

ဒါဟာ သာမန် မဟုတ်တော့ဘူး။ လွန်လွန်ကဲကဲကို လူစိတ်ပျောက်မှု ဖြစ်ပါတယ်။

သူ့အာဏာတည်မြဲဖို့အတွက်၊ သူ့အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် လူထုကိုရော သူ့တပ်ကိုပါ အတိုင်းအဆမရှိ ချနင်းနေတာဖြစ်တယ်။ သူ့လည်ပင်းစွပ်မယ့် ကြိုးကို သူကိုယ်တိုင်ကျစ်ပေးနေတာ ဖြစ်တယ်။ လူထုကို ပစ်မှတ်ထားသတ်ဖြတ်နေရာကနေ သူ့တပ်ကိုပါ သူပြန်ပစ်တဲ့အနေအထားထိ သွက်သွက်လည်နေတာ ဖြစ်ပါတယ်။

ဒီအတိုင်းဆိုရင်တော့ ဖြစ်နိုင်ချေတွက်ဆမှု Scenario တခုဖြစ်တဲ့ စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲ လုပ်ပေးပြီး သာသာယာယာလေးနဲ့ ထွက်ပေါက်ရှာရေးဆိုတဲ့ အဆင်ကတော့ ဘယ်လိုမှ လမ်းမမြင်တော့ ပါဘူး။

မတ်လ ၂၇ ရက်နေ့က သူ့တပ်ကို ပြောတဲ့ မအလရဲ့ မိန့်ခွန်းမှာတောင် လေသံပြောင်းလာတာ တွေ့ရတယ်။ ခါတိုင်း တနိုင်ငံလုံး အကြားအလပ်မရှိ ရွေးကောက်ပွဲလုပ်မယ်ချည်း ပြောနေရာကနေ အကွက်လိုက်လုပ်မယ် ဆိုတာမျိုး ဖြစ်လာတယ်။ တကယ့်လက်တွေ့က အကွက်လိုက်လုပ်ဖို့ဆိုတာလည်း မလွယ်လောက်ဘူး မြင်ပါတယ်။

ဒါဆို မအလက ဦးဆောင်လုပ်နိုင်တဲ့ နောက် Scenario က ဘာဖြစ်မလဲ။

တွေ့ဆုံဆွေးနွေးပွဲအတုလုပ်ပြီး ထွက်ပေါက်ရှာမယ့်အကွက် ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေပြည်တော်ထောင်ထဲကနေ အပြင်တနေရာကို ထုတ်သွားလိုက်၊ ထောင်ထဲကို ပြန်ထည့်လိုက်၊ အခု ထောင်ထဲကနေ အပြင်ကို ပြန်ထုတ်သွားလိုက် လုပ်တယ်လို့ သတင်းထွက်လာပြန်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပွဲစားကောင်းကောင်းနဲ့ ဈေးညှိဖို့ကြိုးစားတာတွေ လုပ်လာနိုင်တယ်။ ရည်ရွယ်ချက်ကတော့ တွေ့ဆုံဆွေးနွေးရေးအတုတခု ဟန်ပြလုပ်ပြီး ၂၀၀၈ အောက် ပြန်သွားရေးပါပဲ။ ဒီရည်မှန်းချက်အောက်မှာ ပွဲစားကောင်းကောင်းနဲ့ ဈေးကစားကြည့်မယ့်အကွက် ဖြစ်ပါ တယ်။ သက်ဆင်ရှင်နဝပ်တို့၊ ဟွန်ဆန်တို့လောက်နဲ့တော့ မလုံလောက်သေးဘူး သူ ယူဆပုံရပါတယ်။ သည့်ထက် လက်ကြီးတဲ့ ပါဝါကြီးတဲ့ ပွဲစားကြီးတွေပါမှ ရမယ် သူ စဉ်းစားပုံရပါတယ်။ ဒါပေမဲ့ သူထင်တိုင်း မဖြစ်နိုင်တဲ့ အရင်းခံကိစ္စက ၂ ခု ရှိပါတယ်။

တခုက ဒေါ်အောင်ဆန်းစုကြည်က သူကခိုင်းတိုင်းကမယ့် အရုပ်မဟုတ်ဘူး ဆိုတာပဲ။ ပွဲစားတွေ စဉ်းစားသလိုမျိုး၊ မအလနဲ့ စစ်ကောင်စီ စဉ်းစားသလိုမျိုး ဒေါ်အောင်ဆန်းစုကြည်က လိုက်လုပ်ပါ့မလား ဆိုတာ သော့ချက်ဖြစ်ပါတယ်။ ကနေ့အခြေအနေ တစုံလုံးကို ဒေါ်အောင်ဆန်းစုကြည်လည်း ခြုံငုံဆုံးဖြတ် နိုင်လိမ့်မယ် ယူဆပါတယ်။

နောက်တခုက အကြောင်းအမျိုးမျိုးကြောင့် ဒေါ်အောင်ဆန်းစုကြည်က မီးစိမ်းပြလိုက်တယ်၊ အိုကေလိုက်တယ် ဆိုရင်တောင် ပွဲက မအလ သိမ်းချင်သလို သိမ်းလို့ရမရဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။

မအလ ပုံဖော်ချင်တိုင်း ဖော်လို့ရအောင် ကနေ့ကာလ နွေဦးတော်လှန်ရေးကြီးရဲ့ ရဲရင့်တဲ့ပိုင်းဖြတ်မှုနဲ့ တိကျရေရာတဲ့ ရည်မှန်းချက်တွေက ဘယ်လိုမှ ခွင့်မပြုဘူးဖြစ်ပါတယ်။ အစိုးရအပြောင်းအလဲအတွက် တော်လှန်နေကြတာမဟုတ်ဘူး။ စနစ်အပြောင်းအလဲအတွက် အသက်ပေးနေကြတာ ဖြစ်ပါတယ်။ Regime Change မဟုတ်ဘူး။ Systerm Change ဖြစ်တယ်လို့ ပြတ်ပြတ်သားသား ချမှတ်ထားကြပြီး ဖြစ်ပါတယ်။

အဲဒါကို K2C နဲ့ NUG တို့ရဲ့ ၃၁၊ ၁၊ ၂၀၂၄ ရက်နေ့ ပူးတွဲကြေညာချက်ပါ သဘောထားမှာလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားတာ ရှိပါတယ်။ တွေ့ဆုံဆွေးနွေးပွဲ လုပ်ကြမယ်ဆိုရင်တောင် ဆွေးနွေးပွဲရဲ့ ရလဒ်ဟာ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင်ဖယ်ရှားပြီး၊ စစ်တပ်ကို နိုင်ငံရေးကနေ အပြီးအပိုင်ဖယ်ရှားပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို အပီအပြင်တည်ဆောက်ကြဖို့ ဖြစ်ပါတယ်။

Scenario လို့ ပြောရင် ဒါဟာ တော်လှန်ရေးအင်အားစုတွေက အသာစီး(Upper Hand) နဲ့ တွေ့ဆုံဆွေးနွေးပြီး နွေဦးတော်လှန်ရေး ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရေး ဖြစ်ပါတယ်။ မအလတို့ အိပ်မက်နေတဲ့ တွေ့ဆုံဆွေးနွေးပွဲအတု လုံးလုံးမဟုတ်ဘူး ဖြစ်ပါတယ်။ ဇီးစေ့နဲ့ မြင့်မိုရ်တောင်လို ကွာပါတယ်။

ပြောရရင် ကနေ့ ကျနော်တို့ရောက်ရှိနေတဲ့ အခင်းအကျင်းက အဲဒီအဆင့်ကိုတောင် ကျော်ခဲ့ပြီလို့ ယူဆရမှာ ဖြစ်ပါတယ်။ ယခုရောက်ရှိနေတဲ့ Scenario က တော်လှန်ရေးအင်အားစုအသီးသီးရဲ့ စုစီးညီညွတ်မှုနဲ့ ပြင်းထန်အားကောင်းတဲ့ တော်လှန်စစ်တွေနဲ့ မအလရဲ့ ဖက်ဆစ်စစ်တပ်ကို တစမကျန် အမြစ်ဖြတ်ပစ်မယ့် အဆင့်ကို ရောက်ရှိနေပြီဖြစ်တယ်လို့ နားလည်ပါတယ်။

ဒီလိုအနေအထားမှာမှ အခြေအနေမှန်ကို မမြင်ဘဲ ကျနော်တို့နိုင်ငံ ကျနော်တို့လူထုကို ကူညီချင်လို့ပဲဖြစ်ဖြစ်၊ မအလကို တစုံတရာကူညီချင်လို့ပဲဖြစ်ဖြစ် မယောင်မလည်နဲ့ ပွဲစားဝင်လုပ်ကြမယ်ဆိုရင်တော့ ဝင်လုပ်ကြမယ့် ပွဲစားတွေသာ အရှက်ရ၊ အချိန်ကုန်ဖြစ်သွားစေမှာဖြစ်တယ်လို့ အားနာစွာနဲ့ပဲ သတိပေးလိုက်ချင်ပါတယ်။

**လွန်းနွေငြိမ်း**

၂၀၂၄ ခုနှစ်၊ မေလ၊ ၁၅ ရက်နေ့

---



ဦးတင်ထွန်းလှိုင်
အသက် (၅၉) နှစ်

## ဝမ်းနည်းမှတ်တမ်း

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ပထမဆုံး ဗဟိုအလုပ်အမှုဆောင်(ဘဏ္ဍာရေးမှူး)ဟောင်း ဦးတင်ထွန်းလှိုင်သည် ၁၀၊ ၅၊ ၂၀၂၄ နေ့တွင် ၉၆ ပါးသောဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ဝမ်းနည်းစာနာမိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးတင်ထွန်းလှိုင်အနေဖြင့် သက်ရှိထင်ရှားရှိစဉ် စစ်အာဏာရှင်ဆန့်ကျင်ရေးရပ်တည်ချက် မယိမ်းမယိုင် မြဲမြံခိုင်မာခဲ့မှုအပေါ် မိမိတို့ပါတီက ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဗဟိုဦးဆောင်ကော်မတီ၊
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)



# လူထုလှုပ်ရှားမှုကိုဖွင့်ဆိုခြင်း (၂)

နီနံ

**အရပ်သားလူ့အဖွဲ့အစည်းအသင်းအပင်များနှင့် ဒီမိုကရေစီတိုက်ပွဲများ**
**ပိုလန်**

လက်ချ် ဝါလက်ဆာ Lech Walesa နှင့် အလုပ်သမားများဦးဆောင်သော ၁၉၈၀ ခုနှစ် ဆန္ဒပြကန့်ကွက်ပွဲများကို အကြောင်းပြုလျက် သွေးစည်းညီညွတ်ရေးလှုပ်ရှားမှု ပေါ်ထွက်လာခဲ့ပြီး ထိုလှုပ်ရှားမှုအတွင်းသို့ ကျွမ်းကျင်လုပ်သားများ၊ ပျံကျလုပ်သားများ၊ ကျောင်းဆရာ ဆရာမများ၊ ဆရာဝန်များ၊ ရှေ့နေများ၊ အင်ဂျင်နီယာများနှင့် စတိုးဆိုင်ပိုင်ရှင်များ၊ ပညာရှင်များနှင့် ရိုမန်ကက်သလစ်ဘုရားကျောင်းပါ ပါဝင်လာခဲ့ကြသည်။ ကွန်မြူနစ်နိုင်ငံတခုတွင် ဥပဒေအရ တရားဝင်အသိအမှတ်ပြုမှုရရှိရေးအတွက် ပထမဦးဆုံးသော လွတ်လပ်သည့် အလုပ်သမားသမဂ္ဂလှုပ်ရှားမှု ဖြစ်လာခဲ့သည်။ ပိုလန်နိုင်ငံတွင် တပါတီစနစ် အဆုံးသတ်ရေးအတွက် အရေးပါသောလှုပ်ရှားမှု ဖြစ်ခဲ့ပါသည်။

ထောင်ချီသော စာစောင်စာတမ်းများနှင့် မြေအောက်မီဒီယာများကလည်း အံတုမှုလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍက ပါဝင်ခဲ့ပါသည်။ ထိုတိုက်ပွဲသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြား ထိပ်တိုက်တွေ့မှု ဖြစ်လာခဲ့သည်။ ၁၉၈၇ ခုနှစ် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် (၂) ၏ အလည်အပတ်ခရီးနှင့် သူ၏ သွေးစည်းညီညွတ်မှုအဖွဲ့အား ဥပဒေဘောင်အတွင်း တရားဝင်ပြန်ဖြစ်ရေး တောင်းဆိုမှုက သာမန်ပြည်သူလူထုအကြား ကွန်မြူနစ်ဝါဒအား သဘောတရားအရနှင့်ကျင့်ဝတ်အရ ငြင်းပယ်မှုကို ပိုမို အရှိန်ပြင်းစေခဲ့သည်။ ၁၉၈၈ တွင် သွေးစည်းညီညွတ်ရေးအဖွဲ့က ဦးဆောင်သည့် ဆန္ဒပြသပိတ်မှောက် တိုက်ပွဲစဉ်

များသည် အစိုးရအား အခြေအနေကို မထိန်းသိမ်းနိုင်သည့် အနေအထားသို့ တွန်းပို့ခဲ့ပြီး အတိုက်အခံအင်အားစုများအတွင်း၌ အင်အားမျှခြေကို ဖြစ်စေခဲ့ပါသည်။ ဂျွန်လင့်ဇ် Juan Linz နှင့် အဲလ်ဖတ်စတီဗင် Alferd Stepan တို့ ၁၉၈၈ ခုနှစ် မေလတွင် လူငယ်မျိုးဆက်သစ်နှင့် စစ်သွေးကြွ အလုပ်သမားသမဂ္ဂဝင်များ အစပြုခဲ့သည့် သွေးစည်းညီညွတ်ရေးသပိတ်တိုက်ပွဲ အကျော့သစ် ဖြစ်ပွားလာခဲ့သည်ဟု ထောက်ပြခဲ့သည်။ အစိုးရဘက်မှ အလယ်အလတ်သမား ယာရူဇယ်စကီးနှင့် အတိုက်ခံဘက်မှ အလယ်အလတ်သမား ဝါလက်ဆာတို့ နှစ်ဦးမှာ ၎င်းတို့အတွင်းမှ အစွန်းရောက်သူများ၏ စိန်ခေါ်မှုများကို အထိုက်အလျောက် ရင်ဆိုင်ခဲ့ရသည်။

နောက်ဆုံးတွင် အသွင်ကူးပြောင်းရေးကာလ၏ သမရိုးကျ လေးဦးကစားပွဲ (အစိုးရအစွန်းရောက်များ၊ အစိုးရအလယ်အလတ်များ၊ အတိုက်ခံအစွန်းရောက်များ၊ အတိုက်ခံအလယ်အလတ်များ) ပေါ်ထွက်လာခဲ့ပါသည်။

၁၉၈၉ ခုနှစ်အရောက်တွင် ပိုလန်နိုင်ငံသည် ယနေ့ခံစားရရှိနေသော ဒီမိုကရေစီခိုင်မာရေးဖြစ်စဉ်သို့ ဦးတည်သည့် စားပွဲဝိုင်းမှတဆင့် စေ့စပ်ပြေငြိမ်းမှု "rountable negotiated settlement" ကို ရရှိခဲ့ပါသည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံသည် ၁၉ ရာစုအစောပိုင်းကာလ ကိုလိုနီခေတ်ကတည်းက အနောက်တိုင်းနိုင်ငံရေးယဉ်ကျေးမှု လစ်ဘရယ်ပုံစံများကို တွေ့ကြုံခဲ့ပါသည်။ ၂၀ ရာစု အစောပိုင်းကာလများအတွင်း ပညာတတ်လူတန်းစားများ၊ အလုပ်သမားများနှင့် ကျေးလက်လူထုများ၏ နိုင်ငံရေးနိုးကြားသက်ဝင်မှုနှင့် ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုသည် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှု ယဉ်ကျေးမှုကို ဖြစ်ပေါ်စေခဲ့သည့် အကြောင်းအရင်းများထဲမှ တခုဖြစ်သည်ဟု ယူဆရမည်။ ဖိလစ်ပိုင်နိုင်ငံ၏ အရပ်သားလူ့အဖွဲ့အစည်းအသင်းအပင်းများအကြားတွင် လက်ဝဲအခြေခံအယူအဆများနှင့် လှုပ်ရှားမှုများ ရှိသည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါသည်။ အာဏာရှင်အစိုးရ လက်အောက်တွင်ပင် ဖိလစ်ပိုင်နိုင်ငံ၌ စည်းမျဉ်းကျင့်ထုံးဆိုင်ရာ ဒီမိုကရေစီပုံစံတမျိုး ရှိနေခဲ့ပြီး ပြင်းထန်သောကန့်သတ်ချက်များ ရှိနေစေကာမူ တရားဝင် အရပ်သားလူမှုအဖွဲ့အစည်းများ တည်ရှိနိုင်ပါသည်။

အဓိကဘာသာရေးအဖွဲ့အစည်းဖြစ်သည့် ရိုမန်ကက်သလစ်ဘုရားကျောင်းသည် လူ့အဖွဲ့အစည်း၏ နိုင်ငံရေးနှင့် လူမှုရေး အပြောင်းအလဲတွင် သော့ချက်ကျသောအခန်းတွင် ရှိခဲ့ပါသည်။ အထူးသဖြင့် မားကို့စ်အစိုးရ ဖြုတ်ချရေးကာလ၌ ဖြစ်သည်။

၁၉၈၁ ခုနှစ် ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ်သွားရန် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်၏ အစီအစဉ်သည် နိုင်ငံအတွင်း မာရှယ်လောရုပ်သိမ်းရေးအပေါ် ဩဇာသက်ရောက်စေခဲ့သည့် အဓိကအကြောင်းအရင်းများထဲမှ တခုဖြစ်နိုင်ပါသည်။ ၁၉၈၆ ခုနှစ် သမ္မတရွေးကောက်ပွဲများနှင့် ပြည်သူ့အာဏာတော်လှန်ရေးကာလအတွင်း နိုင်ငံလုံးဆိုင်ရာ ဘာသာရေးခေါင်းဆောင်များသည် ပြည်သူအများယုံကြည်လေးစားခြင်းခံရမှုအနေအထားကို သုံး၍ ၎င်းတို့ ရွေးချယ်သည့် သမ္မတလောင်းအား လက်ခံရွေးချယ်ရန် ပြည်သူလူထုအား တိုက်တွန်း အကြံပြုခဲ့ကြသည်။ လူထုပညာရေး အဖွဲ့အစည်းတခုဖြစ်သည့် လွတ်လပ်သောရွေးကောက်ပွဲအတွက် နိုင်ငံလုံးဆိုင်ရာ နိုင်ငံသားလှုပ်ရှားမှု The National citizens'

movement for free election (NAMFREL) ဖြစ်သည်။ စီးပွားရေးသမားများ၊ ကျောင်းသားများ ပူးပေါင်း၍ စက်တင်ဘာလတွင် ထိုလှုပ်ရှားမှုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။ ထိုအဖွဲ့က ပြည်သူလူထုအား ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် ပန်ကြားခဲ့ပြီး ငြိမ်းချမ်းသောနည်းဖြင့် နိုင်ငံသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့ကြသည်။ NAMFREL အဖွဲ့သည် ပြည်သူလူထုအကြား အသိပညာနိုးကြားမှုကို မြှင့်တင်ပေးခဲ့ပြီး ၁၉၈၄ ခုနှစ် ပါလီမန်ရွေးကောက်ပွဲများတွင် စောင့်ကြည့်လေ့လာရန် စေတနာ့ဝန်ထမ်း ၂ သိန်းကို စည်းရုံးခဲ့ပါသည်။ ၁၉၈၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် စေတနာ့ဝန်ထမ်း ၅ သိန်းကို မဲရုံစောင့်ကြည့်သူများအဖြစ် ရွေးထုတ်ပေးခဲ့သည်။ ထို စေတနာ့ဝန်ထမ်းများသည် အကျိုးနိုကို မဲပေးရန် လူထုအား လမ်းမများပေါ်သို့ခေါ်ဆောင်လာသူများ ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ပြည်သူ့အာဏာတော်လှန်ရေးအတွက် တက်ကြွလှုပ်ရှားသူများ ဖြစ်လာကြသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အသွင်ကူးပြောင်းရေး မတိုင်မီ ဖြစ်ပေါ်ခဲ့သည့် လှုပ်ရှားမှုတွင် ဘုရားကျောင်းများ၊ မီဒီယာနှင့် အခြားအရပ်ဖက်လူ့အဖွဲ့အစည်း အသင်းအပင်းများအပြင် နောင်တွင် သမ္မတဖြစ်လာမည့်သူလည်း ပါဝင်ခဲ့သည်။ လှုပ်ရှားမှုသည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် နေရာတကာတွင် စည်းရုံးထားနိုင်ခဲ့ရာ မားကို့စ်မှာ ပြည်ပသို့ ထွက်ပြေးခဲ့ရတော့သည်။ ယနေ့အချိန်တွင် ဖိလစ်ပိုင်နိုင်ငံသည် ပြည့်ဝသော ဒီမိုကရေစီစနစ်သို့ ဦးတည်ချီတက်လျက် ရှိပါသည်။

(ဆက်လက် ဖော်ပြပါမည်။)

နီနု

## မေဒေးနေ့အထိမ်းအမှတ် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုံ့ဆော်




လူ့ဘောင်သစ်လူငယ်နှင့် မဟာမိတ်များပူးပေါင်း၍ မေလ ၁ ရက် မေဒေးနေ့တွင် **''တူသံဟိန်းဟိန်း မိုးခြိမ်းခြိမ်း၊ အလုပ်သမားထု နိုးထကြ''** စာသားပါဘန်နာကို ရန်ကုန်မြို့တနေရာတွင် ချိတ်ဆွဲပြီး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ပါသည်။

အဆိုပါလှုပ်ရှားမှုတွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ရွှေပြည်သာမြို့နယ်သပိတ်ကော်မတီ၊ New Generation Youth Strike Committe (NGYSC)နှင့် လူ့ဘောင်သစ်လူငယ်(YNS) တို့ ပူးပေါင်းပါဝင်ခဲ့ကြပြီး ၁၈၈၆ ခုနှစ် ချီကာဂိုမြို့က အလုပ်သမားထုတိုက်ပွဲဝင်ခြင်း အထိမ်းအမှတ် ၁၃၄ ကြိမ်မြောက် မေဒေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။




# ပြည်သူချစ်တဲ့ပြည်သူ့ရှင်သွေးများဖြစ်အောင်

ရဲဘော်မစ်ရှော

စစ်သုံးစစ်(စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား)ကို ဘယ်လို ပုံသဏ္ဍာန်မျိုးနဲ့မှ လက်သင့်မခံနိုင်တော့တဲ့ ဗမာပြည် အဖိနှိပ်ခံ လူမျိုးပေါင်းစုံပြည်သူလူထုကြီးဟာ နေရာဒေသအသီးသီးမှာ နီးစပ်ရာ တော်လှန်ရေးလုပ်ငန်းတွေထဲကို နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ပေါင်းစပ်နေကြ၊ ပေါင်းစပ်ဖို့ ကြိုးစားနေကြတာဟာ ကျနော်တို့အားလုံးရဲ့ မျက်မြင်ပကတိ လက်တွေ့ပဲဆိုတာ ဘယ်သူမှ ငြင်းနိုင်မယ် မထင်ဘူး။

ဒီလိုကြီးကျယ်ခမ်းနားလှတဲ့ တော်လှန်ရေးကြီးအတွင်း ကျနော်တို့အနေနဲ့ လူမျိုးစုံပြည်သူလူထုကြီးရဲ့ တိုက်ပွဲလက်တွေ့တွေမှာ စီးမျောရင်း ကျရာအခန်းကဏ္ဍကနေ ပါဝင်လှုပ်ရှားရင်းကနေ မိမိကိုယ်ကိုယ် တည်ဆောက်ရင်း၊ ဝေဖန်ရင်း တဆင့်ပြီးတဆင့် တိုးတက်လာဖို့ရာ ကြိုးပမ်းကြရမှာ ဖြစ်တယ်။ ဒီလို တိုက်ပွဲကို ဖြတ်သန်းရာ၊ အားထုတ်ကြရာမှာ ပြည်သူလူထုအပေါ်သဘောထားဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာကို တိုက်ပွဲလက်တွေ့တွေက အထင်အရှားပြသခဲ့ပြီး ဖြစ်တယ်။ ကမ္ဘာကြီးကိုပဲကြည့်ကြည့် ဗမာပြည်လက်တွေ့ကိုပဲ ကြည့်ကြည့်ပါ။ ပြည်သူအပေါ် သဘောထားမမှန်ကန်ရင် မုချ ကျရှုံးရတာချည်းပဲ ဖြစ်တယ်။ ဘယ်လို အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မဆို အင်အားကြီးသည်ဖြစ်စေ

ငယ်သည်ဖြစ်စေ ပြည်သူ့မေတ္တာမဲ့ပါက အရှင်ထွက်ထွက်ရမှာသာဖြစ်ပြီး ပြည်သူ့ကျိန်စာသင့်ပါက အသေထွက် ထွက်ကြရတာချည်းပဲ ဖြစ်တယ်။ တခေတ်တခါတုန်းက ဗိုလ်အောင်ကြီးက 'တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့လို့' အဖတပ်မတော်ကြီးကို ကာကွယ် ပြည်သူကိုမောက်မာခဲ့၊ စော်ကားခဲ့လို့ မြောင်းထဲကို ဂျွမ်းထိုးမှောက်ခုံ ပြုတ်ကျခဲ့ဖူးတယ်။

ကျနော်တို့တော်လှန်ရေးကတော့ သူနဲ့ ဆန့်ကျင့်ဘက်ပါပဲ။ 'ပြည်သူကို စိတ်နဲ့တောင် မပြစ်မှားနဲ့' လို့ ပြောရမှာပဲ။ ပြည်သူကို စိတ်ရောကိုယ်ရော ပြစ်မှားခဲ့လို့ စစ်အုပ်စုအဆက်ဆက် ဘယ်လို ဒုက္ခတွေ ရခဲ့ရတယ်ဆိုတာ သမိုင်းမှာအထင်အရှား တွေ့မြင်ခဲ့ရပြီးဖြစ်တယ်။ ဒီကနေ့ ၂၁ ကစတဲ့ လူထုတိုက်ပွဲကြီးမှာ ဆိုရင် ပိုလို့တောင် သိသာ ထင်ရှားနေတယ်။ စစ်အုပ်စု ပြာယာခတ်နေတယ်၊ မရှုမလှ ရှုံးနိမ့်နေပါတယ်။ ဒါပေမဲ့ ဒီစစ်အုပ်စုဟာ အနှစ်နှစ်အလလ လက်နက်ကိုင်တည်ဆောက်ခဲ့တဲ့ အာဏာ၊ လက်ဝါးကြီးအုပ် သိမ်းပိုက်ခဲ့တဲ့ အကျိုးစီးပွားတွေကို လွယ်လင့်တကူတော့ အဆုံးရှုံးခံမယ်လို့ မဆိုလိုပါဘူး။ သူတို့ရဲ့ သဘာဝအတိုင်း အပျော့နည်းတမျိုး အကြမ်းနည်းတမျိုးနဲ့ ပြည်သူလူထုအပေါ် အဆုံးထိ ရက်စက်ယုတ်မာ ကောက်ကျစ်နေပါလိမ့်ဦးမယ်။

ကျနော်တို့ တော်လှန်ရေးအင်အားစုတွေ အနေနဲ့ကတော့ စစ်အုပ်စုနဲ့ ဆန့်ကျင်ဘက်ပဲ။ ပြည်သူထဲကပဲ မွေးဖွားပြီး ပြည်သူကပဲ ကြီးထွားအောင် လုပ်ပေးခဲ့တယ်၊ လုပ်ပေးနေတယ်။ ဒီလို ပြည်သူ့ကျေးဇူးကို ဘယ်အခြေအနေရောက်ရောက် မမေ့သင့်ဘူး၊ မေ့လည်းမမေ့ကောင်းဘူး။

ဒါကြောင့် တဦးချင်းကနေ အဖွဲ့အစည်းတခုချင်းအထိ ပြည်သူရဲ့မေတ္တာဓာတ်ကို ခံယူနိုင်အောင် ကျင့်ကြံ အားထုတ်ရမယ်။ ပြည်သူကို ယုံကြည်ရမယ်။ ပြည်သူတွေရဲ့ ကြီးမြတ်လှတဲ့ ဂုဏ်တော်ကို အမြဲအာရုံပြုရမယ်။ ပြည်သူဟာ မွေးမိခင် ပြည်သူဟာ မွေးဖခင် ဖြစ်တယ်။ ပြည်သူကို အလုပ်အကျွေး ပြုရမယ်။ ပြည်သူကို အလုပ်အကျွေးပြုရေးအတွက် အတွေးအခေါ်အရ စိုက်ထူရမယ်။ လုပ်ဟန်အရလည်း အလုပ်အကျွေးပြုနိုင်ရမယ်။ ပြည်သူဟာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်တယ်။ ဒါကြောင့် ပြည်သူ့ထံက သင်ယူကြရမယ်။

ပြည်သူအပေါ် သဘောထားမှန်ကန်တဲ့ ပြည်သူ့အကျိုးကို အမှန်တကယ် အကောင်အထည် ဖော်နိုင်တဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကသာ ဒီကနေ့တော်လှန်လှိုင်းကို စီးနိုင်မယ်၊ သဘောထား မမှန်ကန်ခဲ့ရင်တော့ လှိုင်းက ဝါးမြိုသွားပါလိမ့်မယ်။

ပြည်သူ့တော်လှန်ရေးသမားတိုင်း ပြည်သူ့တော်လှန်ရေးအဖွဲ့အစည်းတိုင်းဟာ ဒီအချက်ကို အမြဲ သတိပြုကြရပါမယ်။ အမှန်တကယ် ပြည်သူ့အကျိုးသယ်ပိုးနိုင်တဲ့ ပြည်သူချစ်တဲ့ ပြည်သူ့ရင်သွေးတွေ ဖြစ်အောင် ကြိုးပမ်းအားထုတ်ရင်း မကုန်ခမ်းနိုင်တဲ့ ပြည်သူလူထုကြီးရဲ့ စွမ်းပကားတွေနဲ့ ပေါင်းစပ်မိပါ လိမ့်မယ်။ ဒီအချက်ကသာ မိမိတို့တော်လှန်ရေးကို အောင်ပွဲဆီ အရောက်ချီတက်သွားနိုင်ရေးအတွက် အဓိကကျလိမ့်မယ်လို့ ပြောချင်ပါတယ်။

ရဲဘော်မစ်ရှော

# အဲဒီညနေကို ကျနော်မုန်းတယ်

ဖွန်မှိုင်း



(၁)

၂၀၀၅ ခုနှစ်အတွင်း အကျဉ်းထောင်အတွင်းမှ ပြန်လည်လွတ်မြောက်လာသူ ၃၆၁ ယောက်၊ ၂၀၀၅ ခုနှစ်အတွင်း နအဖစစ်အုပ်စုရဲ့ ပြန်လည်ဖမ်းဆီးခံရသူ ၁၄၄ ယောက်၊ စစ်ကြောရေးစခန်းတွင် သေဆုံးသူ ၇ ယောက်၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPPရဲ့ ၂၀၀၅ နှစ်ချုပ်စာရင်း ထုတ်ပြန်ချက်ကို ကြားလိုက်မိတဲ့ အခိုက်မှာ ...

စိတ်မချမ်းမြေ့စရာ အတိတ်ဖြစ်ရပ်တွေထဲက ခြောက်ခြားတုန်လှုပ်စရာ ဝေဒနာတွေဟာ ကျနော့်ရင်ထဲမှာ နာနာကျင်ကျင်ပဲ အသစ်ဖြစ်လာခဲ့ပါတယ်။ ဖြစ်နိုင်ရင် ဒီအိပ်မက်ဆိုးတွေကို မေ့ထားချင်တယ်။ မေ့လို့ရရင်သိပ်ကောင်းမှာပဲ။ ဒါပေမဲ့ ကျနော် ဘယ်လိုမှ မေ့လို့မရခဲ့ဘူး။

ရန်ကုန်မှာရှိနေခိုက် ဘုရင့်နောင်လမ်းတလျှောက် သွားမိတဲ့အခါ ချောင်းဝဘုရားလွန်လာတာနဲ့ ကျနော်အမုန်းဆုံး ဆိုင်းဘုတ်ကို မြင်ရတယ်။ မန္တလေးမှာရှိနေခိုက် ၇၈ လမ်းတလျှောက် သွားမိတဲ့အခါ မြက်ပါးရပ်မီးပွိုင့်ကို ကျော်ပြီး သိပ်မကြာခင်မှာပဲ ကျနော်အမုန်းဆုံး ဆိုင်းဘုတ်ကို မြင်ရပြန်တယ်။ ကျနော် ဘယ်ကိုသွားသွား၊ ကျနော် ဘယ်မှာနေနေ ကျနော့်ရင်ကို ထိုးဆွနေသလို ကျနော့်ကို ခံစားသွားစေနိုင်တဲ့ ဒီဆိုင်းဘုတ်က ဘာဆိုင်းဘုတ်မို့လို့လဲ။ ကျနော်ဟာ အညှိုးအတေးကြီးသူ၊ အာဃာတကြီးသူတယောက် မဟုတ်ဘူးဆိုတာ ကျနော့်ကိုယ်ကျနော် သေချာပါတယ်။

ဖြစ်နိုင်ရင် အရာကိစ္စတွေကို၊ လူတွေကို ချစ်ချင်ပါတယ်။ မမုန်းချင်ဘူး။ ဒီလိုမဟုတ်ရင် ဟိုလို၊ ဟိုလိုမဟုတ်ရင် ဒီလို ရှာရှာဖွေဖွေကို မေတ္တာထားနိုင်ဖို့ ကြိုးစားကြည့်တတ်တဲ့သူပါ။ ခုဟာကတော့ ဘယ်လိုမှချစ်လို့မရအောင်၊ မေတ္တာထားလို့မရအောင်ကို ကျနော့်ကို၊ ကျနော်တို့ဘဝတွေကို ခါးခါးသီးသီး နာကျင်စေနိုင်လွန်းလို့ပါ။

ဒါဖြင့် သူကဘယ်သူလဲ။ သူကတော့ 'စစ်ကြောရေးနဲ့ တည်းခိုရေးစခန်း' ဆိုတဲ့ အနီဋ္ဌာရုံ ဆိုင်းဘုတ်ကြီးနှင့် အဲ့ဒီဆိုင်းဘုတ်ကြီးရဲ့နောက်က ဘယ်လိုမှ မေ့လို့မရနိုင်တဲ့ ဇာတ်လမ်းတွေပါ။

(၂)

'ဂျပန်ခေတ်က ကင်ပေတိုင်ရုံးတွေဆီက မချိမဆန့်အော်သံတွေ၊ ညည်းတွားသံတွေ ကြားရတတ်တယ်။' ဆိုတဲ့စကားကို ကျနော် မကြာမကြာ ကြားဖူးတယ်။

ဂျာမန်နာဇီ စိုးမိုးတဲ့ ဒေသသတွေမှာ ဂက်စတာပိုရဲ့ ရက်စက်မှုတွေ ပြောလို့ မကုန်နိုင်သလို၊ ဂျပန်ဖက်ဆစ်စိုးမိုးတဲ့ ဒေသတွေမှာ ကင်ပေတိုင်ရဲ့ရက်စက်မှုတွေ စာဖွဲ့လို့ မကုန်နိုင်သလို၊ စစ်အာဏာရှင် စိုးမိုးတဲ့ ကျနော်တို့နိုင်ငံမှာလည်း စစ်ထောက်လှမ်းရေးရဲ့ ရက်စက်မှုတွေဟာ ဂက်စတာပိုနဲ့ ကင်ပေတိုင်တို့ရဲ့ ရက်စက်မှုတွေကိုတောင် စံချိန်ချိုးလိုက်ပြီးလားလို့ ကျနော် အကြိမ်ကြိမ်စဉ်းစားကြည့်ဖူးတယ်။

(၃)

၂၀၀၁၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ကျနော်တို့ သာယာဝတီအကျဉ်းထောင်က ကျနော်တို့အမှုတွဲ ဦးအုန်းသန်း လွတ်တယ်။ အဲ့ဒီနေ့မှာပဲ တောင်ငူထောင်က ကျနော်တို့အမှုတွဲ ကိုတင်ထွန်းလှိုင် လွတ်တယ်။ လျှော့ရက်တစ်ရက်တောင် မပေးဘူး။ အပြည့်ထားတယ်။ ချုပ်ရက် သုံးလခွဲကိုလည်း တစ်ရက်မှမပေးဘူး။

ဒါ့ကြောင့် (၁၀) နှစ်ကျတဲ့ ကိုတင်ထွန်းလှိုင်ဟာ (၁၀)နှစ်နဲ့သုံးလခွဲတိတိ အင်းစိန်သီးသန့်၊ အင်းစိန်ထောင်မကြီးနဲ့ တောင်ငူထောင်တွေမှာ နေသွားခဲ့ရတာပါ။

သူလွတ်သွားတာကောင်းတယ်။ သူ့ရဲ့စိတ်ဓာတ်၊ သူ့ရဲ့ပိုင်းဖြတ်မှု၊ ပါတီနဲ့ ပြည်သူတွေအပေါ်ထားတဲ့ သူ့ရဲ့သဘောထားတွေကို ကျနော် ကောင်းကောင်းသိတယ်။ ၂၀၀၁ ရဲ့ နိုင်ငံရေးရာသီဥတုအောက်မှာ သူ ကောင်းကောင်း အလုပ်လုပ်နိုင်ပေလိမ့်မယ်။ ကျနော်တို့ပါတီရဲ့ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် တယောက် အပြင်ကို ပြန်ရောက်သွားတာဟာ ကျနော်တို့အတွက် အားတက်စရာတခုပါ။

ဘာသံတွေ ကြားရမလဲ။ သူဘာတွေစိတ်ကူးပြီး ဘာတွေလုပ်နိုင်နေပြီလဲ။ လာမယ့် ထောင်ဝင်စာကျရင် မေးကြည့်ဦးမယ်လို့ အားခဲရင်း တက်ကြွဖွယ် ကြည်နူးဖွယ်အတွေးနဲ့ ကျနော် ရင်ခုန်စွာ ထောင်ဝင်စာရက်ကို ခါတိုင်းထက်ပိုပြီး မျှော်ခဲ့မိတာအမှန်ပါ။

(၄)

'ကိုတင်ထွန်းလှိုင် အိမ်လာသလား။' 'သူဘာတွေ လုပ်နေပြီလဲ။' 'သူ နေကောင်းရဲ့လား။' 'သူ ပိန်သွားလား။' 'သူ ဘာမှာလိုက်သေးလဲ။'

ကျနော် မေးခွန်းတွေ တစဉ်တစိုက်မေးမိနေတယ်။ ကျနော့်မေးခွန်းတွေ တရပ်စပ် ထွက်ကျနေပေမယ့် ကျနော့်အမျိုးသမီးဆီက ဘာအဖြေမှ ထွက်ကျမလာဘူး။ အမျိုးသမီးဟာ ကျနော့်ကို တွေတွေကြီး စိုက်ကြည့်နေတယ်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပြည့်လို့ပါလား။ ဘယ်လိုဖြစ်တာလဲ၊ ကျနော် မတွေးတတ်တော့ဘူး။ ကျနော် အံ့သြတယ်။ ကျနော့်စိတ်တွေ တော်တော် ရှုပ်ထွေးသွားပြီ။ ဘယ်လိုပါလိမ့်။ 'ကိုတင်ထွန်းလှိုင် အိမ်လာသလား။' ကျနော့်မေးခွန်းကို ပြန်ပြီး တကြိမ်ထပ်ပြီး မေးကြည့်လိုက်တယ်။ အဲ့ဒီအခါကျမှ . . . တော်တော်တိုးသက်တဲ့အသံနဲ့ 'လာပါတယ်။' ပြီးတော့ ရပ်သွားပြန်တယ်။ နောက် တော်တော်ကြာ အားယူပြီးမှ နောက်တခွန်း ထပ်ပြောတယ်။ 'သူ နေမကောင်းဘူး။' သူမပါးပြင်ပေါ်ကို မျက်ရည်တစ လိမ့်ကျလာတယ်။ 'ဟုတ်တယ်။ သူနေမကောင်းဘူး။ ဦးနှောက် ထိခိုက်သွားပြီ။ ပုံမှန်မဟုတ်တော့ဘူး။ သူပြောတဲ့စကားတွေက လုံးလုံး ပုံမှန်မဟုတ်တော့ဘူး။'

သူမအသံ တိမ်ပြီးပျောက်သွားတယ်။ ပြီးတော့ နည်းနည်းနားပြီးမှ အထဲက Stress တွေ၊ အပြင်က မိသားစုတွေရဲ့ အခြေအနေတွေကြောင့် အခုလိုဖြစ်သွားတယ်လို့ထင်တာပဲ၊ တခု ထူးခြားတာကတော့ သူ့ရဲဘော်တွေနဲ့ ပတ်သက်ရင် အကုန်လုံးမှတ်မိနေတယ်။

မနေ့က အိမ်ရောက်လာပြီး 'အမ မနက်ဖြန် ကိုဇွန်မိုင်းကို သွားတွေ့မယ် မဟုတ်လား။ ကျနော် ကူလုပ်ပေးမယ်။ ဘာကူပေးရမလဲ။' ဆိုပြီး ငါးပိကြော်တွေ သူ ဝိုင်းကြော်ပေးသွားတယ်။ ဒါပေမဲ့ ပြောစကားတွေကတော့ တောရောက်တောင်ရောက်ပဲ။ ဘိုးတော်လိုလို၊ ထွက်ရပ်ပေါက်လိုလို တကယ့်ကို မကြည့်ရက်စရာပါပဲ။ သူက မှာလိုက်တယ်။ ကိုဇွန်မိုင်းကို ပြောပြပေးပါတဲ့။ သူဆက်ပြီး အလုပ်လုပ်သွားမယ်တဲ့။ သူ့ကို စိတ်ချပါတဲ့။

ကျနော် ဘယ်လိုပြန်ပြောလိုက်ရမလဲ၊ ကျနော့်အတွက် နည်းနည်းကူပြီး စဉ်းစားကြည့်ကြည့် စမ်းပါဗျာ။

(၅)

ဒီဇာတ်လမ်းမျိုးတွေကို ကျနော် အကြိမ်ကြိမ်ကြားဖူးပါတယ်။ ၁၉၇၈ ခု၊ ဆဲဗင်းဂျူလိုင်မှာ လှုပ်ရှားမှု တခုဖော်ဖို့ ကြိုးစားတဲ့ စက်မှုတက္ကသိုလ်ကျောင်းသား ကိုအေးသောင်းဆိုရင် စစ်ကြောရေးဒဏ်တွေကြောင့် စစ်ကြောရေးပြီး နောက်နှစ်နှစ်လောက်ထိ ညညဆို ထထပြီးအော်တာ၊ စစ်ကြောရေးဒဏ်တွေကြောင့် ဦးနှောက်တွေ ပျက်သွားတာ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ လုံးလုံးပျက်စီးသွားတာ၊ တသက်လုံး လူစဉ်မမီတော့တာ၊ အောက်ပိုင်းချိသွားတာ၊ တချို့ဆို ကိုအောင်လှိုင်ဝင်းတို့ ဦးမောင်ကိုတို့လို အသက်ပါ ဆုံးရှုံးသွားတာ၊ အခုလည်း ကျနော်တို့ရဲ့ ရဲဘော်၊ ကျနော်တို့ရဲ့ ဗဟိုအလုပ်မှုဆောင်၊ ဘယ်လောက်ကြီး အခက်အခဲနဲ့ကြုံကြုံ ဘယ်လိုမှမတုန်လှုပ်ခဲ့၊ အပြုံးမပျက်ခဲ့ဖူးတဲ့ ကျနော်တို့ရဲ့ ဘဏ္ဍာရေးမှူး။

ဒီတခါထောင်ဝင်စာလောက် ကြေကွဲဖွယ်ကောင်းတဲ့ ထောင်ဝင်စာ ကျနော့်ဘဝမှာ မရှိတော့ဘူး။



(၆)

ကျနော့်ထောင်ဝင်စာ အပြန်လမ်းမှာ ကျနော်နဲ့အတူ ပါလာတာကတော့ သူ့ရဲ့ ပုံရိပ်တွေပါပဲ။ ကျနော်တို့ပါတီဌာနချုပ် ၁၀ လမ်းရုံးထဲက သူ့အလုပ်အရှားတွေကို ကျနော် ပြန်မြင်ယောင်လာတယ်။ ၁၉၈၈–၈၉ ကာလဆီက သူ့ပုံရိပ်တွေ။

သူက လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို စတင်တည်ထောင်ခဲ့စဉ်က ပါခဲ့တဲ့ ပထမဆုံး ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ၈ ဦးထဲက တဦး၊ ဘဏ္ဍာရေးကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ၊ ဘယ်လို အနေအထားမှာဖြစ်ဖြစ် ပြုံးပြုံး ပြုံးပြုံးနဲ့ အလွန်အင်မတန် အေးချမ်းပြီး လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ရှိနိုင်လွန်းသူ၊ ပါတီဝင်ထုရဲ့ ချစ်ခင်တန်ဖိုးထားမှုကို အမြဲရရှိသူ၊ နိုင်မြန်မာရဲ့ 'ကမ္ဘာ မကြေဘူး မျိုးဆက်သစ်' သီချင်းကို အဆိုကောင်းသလို ဘာဂျာလေးတလက်နဲ့၊ တခါတခါ ဂီတာ တလက်နဲ့ အတီးအခတ်ကောင်းသူ၊ အန်တီဒေါ်မြမြစိန်ရဲ့စာကြည့်ခန်းထဲမှာ အဲ့ဒီ့ကာလ နိုင်ငံရေး အခင်းအကျင်းတွေကို မိုးလင်းပေါက် အကြိမ်ကြိမ် ဆွေးနွေးပြောဆိုခဲ့ဖူးသူ၊ ၁၉၈၉၊ ဧပြီ ၂၂ ရက်နေ့က ၂၄ ရက်အထိ ကျင်းပခဲ့တဲ့ နိုင်ငံလုံးဆိုင်ရာ ပထမအကြိမ်ညီလာခံကို အောင်မြင်ချောမောစွာ ကျင်းပ နိုင်ရေးအတွက် တည်တည်ငြိမ်ငြိမ်နဲ့ ဦးဆောင်တာဝန်ယူခဲ့တဲ့ သူများထဲမှာ အတက်ကြွဆုံးပါဝင်ခဲ့သူ၊ အဲ့ဒီ့သူဟာ ကျနော့်အတွေးထဲမှာ ...

ကျနော် တကယ်ကို စိတ်မကောင်းဘူး။ ကျနော် ဘာလုပ်ရမလဲ။ ဒီလူ မြန်မြန်ပြန်ပြီး ပုံမှန် ဖြစ်မှ ဖြစ်ပါတော့မလား။ ကျနော် စိုးရိမ်တယ်။

အဲ့ဒီ့ညက ကျနော် တညလုံး အိပ်မရတော့ဘူး။

(၇)

၁၉၉၀ရဲ့ နှစ်ဦးကာလများမှာ ...

အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် သူ့ကို တခါတခါ မျိုးချစ်ဒီမိုကရက်တစ် လူငယ်တပ်ပေါင်းစု ဗဟိုအလုပ်အမှုဆောင်တယောက်အဖြစ် တွေ့ရ။ တခါတခါ အောက်ဗမာပြည် ဗကသ တယောက်အဖြစ် တွေ့ရ။

သမိုင်းရဲ့ အဆစ်အချိုးတိုင်းမှာ ပြည်သူလူထုကြီးဘက်က ရှေ့ဆုံးတန်းက သူ့ရဲ့ ရဲရဲဝံ့ဝံ့ ရပ်တည် လှုပ်ရှားခဲ့တာတွေကို ကျနော် အမှတ်ရနေမိတယ်။

အဲ့ဒီကာလက ... နဝတ စစ်အစိုးရက လုပ်ပေးမယ်ဆိုတဲ့ ရွေးကောက်ပွဲကို ကျနော်တို့ အယုံအကြည်မရှိကြဘူး။ ကျနော်တို့စဉ်းစားတာက ဒီအစိုးရဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကို လုပ်ပေးမှာမဟုတ်ဘူး။ လုပ်ပေးပြီးရင်လည်း အနိုင်ရပါတီကို အာဏာလွှဲပေးမှာမဟုတ်ဘူးလို့ အခိုင်အမာ ယုံကြည်ခဲ့ကြတာပါ။ ဒါ့ကြောင့် ရွေးကောက်ပွဲဆိုတာထက် အထွေထွေသပိတ်ကြီးပေါ်ပေါက်ပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းနိုင်ဖို့ ပိုပြီးအားသန်နေတဲ့ကာလ။

ဒီအတွက် ပြောက်ကျားStrike တွေ နေရာအနှံ့အပြားမှာ ဖော်ကြဖို့ အစွမ်းကုန် ပြင်ဆင်လှုပ်ရှား နေကြတဲ့အချိန်၊ ကြားဖြတ်အစိုးရ ဖွဲ့စည်းတဲ့အဆင့်ထိ မရောက်နိုင်ရင်တောင် အနိမ့်ဆုံးအဆင့် စစ်အစိုးရက ပေးထားတဲ့ ဒီမိုကရေစီဘောင်ကျဉ်းကျဉ်းလေးကို တိုက်ပြီးဖွင့်ပစ်ရမယ်။ ဒီမိုကရေစီဘောင်ကို ကျယ်နိုင်သမျှ

ကျယ်လာရေးအတွက် တိုက်ပွဲဆင်ရမယ်လို့ စဉ်းစားချက်ရှိတဲ့အတွက် ရန်ကုန်ထဲမှာ နေရာအနှံ့မှာ ပြောက်ကျား Strike တွေ ဖော်ကြတယ်။ ဒါဟာ အထက်ဗမာပြည် ဗကသ၊ အောက်ဗမာပြည် ဗကသ၊ သံဃာ့သမဂ္ဂနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်သမဂ္ဂတို့ရဲ့ အဲ့ဒီကာလ တိုက်ပွဲပေါ်လစီလည်း ဖြစ်တာကိုး။ တရက်မှာတော့ သူနဲ့ကိုဖြိုးတို့ ကျောက်မြောင်းဈေးထဲမှာ စာရွက်ဝေရင်း အခြေအနေပေးရင် Strike တခု ဖော်ဖို့ ပြင်ဆင်ကြတယ်။ ကိုယ့်ဖောနဲ့ကိုယ်ဆိုတော့ ထောက်လှမ်းရေးတွေ၊ သတင်းပေးတွေ အများအပြား ဈေးထောင့်တွေမှာ ချထားတာကို ချက်ချင်းသတိမပြုမိကြဘူး။ ထောက်လှမ်းရေးတယောက်က စာရွက်ဝေနေတဲ့ ကိုဖြိုးကို ရုတ်တရက် ဝင်ဖမ်းတယ်။ နောက်ကနေ မလှုပ်နိုင်အောင် တကိုယ်လုံးကို သိမ်းဖက်ထားတယ်။ သွားပြီ၊ ကိုဖြိုးတော့ မိသွားပြီ။ အဲဒီလို တွေးမိနေတုန်းမှာပဲ သူ ရုတ်တရက် ရောက်လာတယ်။ ကိုဖြိုးတို့ဆီ သူ ပြေးကပ်သွားတယ်။ ပြီးတော့ မထင်မှတ်လောက်အောင် မြန်ဆန်မှုနဲ့အတူ ဘယ်အချိန်က ဘယ်လို ယူလာမှန်းမသိတဲ့ ဓားမြှောင်တလက်နဲ့ ထောက်လှမ်းရေးကို ထိုးထဲ့လိုက်တယ်။ ဘယ်သူမှ မမျှော်လင့်တဲ့ အဖြစ်အပျက်တခုပဲ။ ထောက်လှမ်းရေးက သူ့ဓားချက်ကိုရှောင်ရင်း ကိုဖြိုးကို ချုပ်ထားတာကနေ ဟန်ချက်ပျက်အသွားမှာ ကိုဖြိုးလက်ကို အတင်းဆွဲပြီး ဘေးက လိုင်းကားတစီးပေါ် အမြန်ခုန်တက်၊ ထောက်လှမ်းရေးလက်ကနေ ပြေးထွက်နိုင်ခဲ့တယ်။

အလွန်အေးချမ်းတဲ့မျက်နှာလေးနဲ့ သူ့ရဲ့ အခုလှုပ်ရှားမှုဟာ တကယ့်ကိုမယုံနိုင်စရာ ဖြစ်ခဲ့ရတာပါ။ သူ့ရဲ့ ပြုံးပြုံးချိုချို မျက်နှာထားဟာ သူချစ်တဲ့ သူ့ရဲဘော်တွေနဲ့ သူ တန်ဘိုးထားယုံကြည်တဲ့ သူ့ပြည်သူတွေကိုသာ မူပိုင်ပေးထားတာကိုး။ ရန်သူနဲ့ကျတော့ သူ့မျက်နှာက သူ့လုပ်ဟန်က ဒီလိုမျိုး။

(၈)

၁၉၉၀၊ အောက်တိုဘာ ၂၃ မှာ ကျနော် ဒုတိယအကြိမ် အဖမ်းခံရတယ်။

ထောက်လှမ်းရေး ၁ စစ်ကြောရေးကာလရဲ့ ငရဲခန်းများကို ဖြတ်သန်းပြီး ၈ ရက်မြောက်တဲ့နေ့မှာ ကျွန်တော့်ကို ထောက်လှမ်းရေး ၁ (လေ)ကို လွှဲတယ်။ ၄၊ ၅ ရက်လောက် စိတ်တိုင်းကျစစ်ပြီး ထောက်



၆ ကို လွှဲလိုက်ပြန်တယ်။ ထောက်လှမ်းရေး ၆ ရဲ့ အချုပ်ခန်းထဲကို ကျနော့်ကို သွင်းတဲ့နေ့မှာ ကျနော် သူ့ကို တွေ့လိုက်ရတယ်။ စစ်ကြောရေးတလျှောက်လုံးမှာ ကျွန်တော် သူ့ကို ကာခဲ့တယ်။ သူ လွတ်သွားစေချင်တယ်။ သူ လွတ်သွားရင် အလုပ်တွေအများကြီး လုပ်နိုင်မှာ။

ဒါပေမဲ့ သူ မလွတ်ခဲ့ဘူး။ ကြည့်စမ်းပါဦး၊ သူ့မျက်နှာ ဝင်းဝင်းလေးဟာ ဘယ်လိုမှ မဝင်းနိုင်တော့ဘူး။ မျက်တွင်းဟောက်ပက်နဲ့ ညိုလို့မည်းလို့၊ ဘယ်လောက် အရိုက်အနှက် အနှိပ်အစက် ခံထားရပြီလဲ။ ကျနော် မှန်းကြည့်လို့ရပြီ။ ဒီလောက် ဒဏ်ရာတွေနဲ့ မသက်မသာဖြစ်နေတဲ့ကြားကပဲ အစောင့်အလစ်မှာ ကျနော့်ကို ပြုံးပြနှုတ်ဆက်တယ်။ လက်မလေးထောင်ပြတယ်။

'အေးဆေးပါ။' 'ကျနော့်အတွက် ဘာမှမပူနဲ့၊ အစ်ကိုလည်းတောင့်ထား' ဆိုတဲ့သဘော။

(၉)

အဲဒီနေ့က အင်းစိတ်သီးသန့်ထောင်ကို ရွှေ့နေတယောက် ရောက်လာတယ်။ ကျနော်တို့ကို စစ်ခုံရုံးက ထောင်ချပြီးတဲ့နောက် ၂ ပတ်လောက်အကြာမှာပါ။

ကျနော် ဥပဒေကြောင်းတော့ သိပ်မသိပါဘူး။ အတွင်းအယူခံရေးမယ်ဆိုရင် ရေးနိုင်တယ်တဲ့။ အဲဒီရွှေ့နေက သူ ကူရေးမယ်ပေါ့။ ရွှေ့နေဆိုတာက အပြင်ကရွှေ့နေတော့ မဟုတ်ဘူး။ သူလည်း ထောင်ကျတယောက်ပဲ။ တောင်ဥက္ကလာပက။ ထောင်ထဲမှာတော့ အရေးအခင်းအမှုလို့ အလွယ်ခေါ်ကြတယ်။ တောင်ဥက္ကလာ သပိတ်ကော်မတီဝင်တယောက်ပါ။ သဘောအတော်ကောင်းပါတယ်။ ကျနော်တို့ အမှုတွဲကြီးတခုလုံးကိုလည်း လေးလေးစားစားပဲ၊ အယူခံလွှာရေးမယ်ဆိုရင် သူ ကူညီပြီးရေးမယ်လို့ ပြောပြပါတယ်။

တချို့က ထွက်ရေးကြတယ်။ ကျနော်ကတော့ မရေးဘူး။ ဒါပေမဲ့ သူ့ကိုတော့ ကျနော် ရေးစေချင်တယ်။ ဘာကြောင့်လဲဆိုရင် ကျနော်က ၅ နှစ်ပဲကျတာ။ သူက ၁၀ နှစ်တောင်။ ကျနော်က သူ့ကို ရေးပါလား ပြောတော့ 'မရေးတော့ဘူး အစ်ကို နေပါစေ'တဲ့။ ကျနော် သူ့ကို ပြောပြတယ်။ 'ဒါ ရန်သူကို လက်နက်ချတာမဟုတ်ဘူး။ အသနားခံတာလည်း မဟုတ်ဘူး။ ဥပဒေကြောင်းအရ အကျိုးသင့်အကြောင်းသင့် ရှင်းပြတာ၊ ဒါလည်း ဥပဒေကြောင်းအရ တိုက်ပွဲဆင်တာ တမျိုးပဲ။ အသနားခံတာ မဟုတ်တဲ့အတွက် နိုင်ငံရေးအရ မထိခိုက်ပါဘူး။ ကိုတင်ထွန်းလှိုင် ရေးမယ်ဆို ရေးသင့်ပါတယ်။ ကျနော် တာဝန်ယူပါတယ်။ နိုင်ငံရေးအရ မထိခိုက်ဘူးဆိုတာကို' လို့ ကျနော် သူ့ကို ပြောဖြစ်တယ်။

ကျနော် သူ့ကို ထောင်ထဲမှာ ၁၀ နှစ် မနေစေချင်ဘူး။ သူက ပြုံးပြီး 'ကျနော့်ကို ၁၀ နှစ် မကြာစေချင်လို့ အစ်ကိုပြောတယ်ဆိုတာ ကျနော်သိတယ်။ အဲဒီအတွက်လည်း အစ်ကို့ကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျနော် မရေးတော့ဘူးအစ်ကို၊ ပြီးတော့ ဒီကောင်တွေလည်း ၁၀ နှစ်မကြာပါဘူး'တဲ့။

အနာဂတ်အပေါ် သူ့ရဲ့ယုံကြည်မှုက အဲသလိုမျိုး။

(၁၀)

ကျနော် ၂၀၀၄၊ မတ်လ ၁ ရက်နေ့မှာ ပြန်လွတ်တယ်။

နောက် ၂ ရက်နေတော့ သူ ကျနော့်အိမ်ကို ရောက်လာတယ်။ ကျနော် အခုမြင်နေရတဲ့သူဟာ

၁၉၈၉–၉၀ လောက်ဆီက သူနဲ့ လုံးလုံးမတူတော့ဘူး။ အလွန်ကို ပြောလောက်အောင်ကို ပိန်ချုံးနေပြီး မျက်တွင်းတွေကလည်း ကျလို့၊ နားထင်နားရင်းတွေကလည်း ချိုင့်လို့ ဦးထုပ်လေးတလုံးကိုလည်း ခပ်ငိုက်ငိုက်ဆောင်းလို့၊ လွယ်အိတ်လေးတလုံးကိုလည်း လွယ်လို့ ...။ သူ့လွယ်အိတ်ထဲမှာက အင်းကွက်တွေရယ်၊ စိတ်ပုတီးရယ်၊ ဆေးဖယောင်းတိုင် ထွန်းပြီးသား ထွန်းလက်စ လေးငါးဆယ်တိုင်ရယ်။

''အစ်ကိုမရှိတုန်း အမနဲ့ သမီးလေးကို စောင့်ရှောက်ဖို့ ကျနော့်မှာ ဝတ္တရားရှိပါတယ်။ ဒါပေမဲ့ ကျနော့်မှာလည်း ကျနော့်ဒုက္ခနဲ့ ကျနော်ဆိုတော့ အကူအညီမပေးနိုင်ခဲ့ဘူး။''

''ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ကျနော်နားလည်ပါတယ်။ ဒါနဲ့ ကျနော် လွတ်လာပြီလို့ ဘယ်လိုသိတာလဲ။'' သူက ကျနော့်ကို ပြုံးပြီးကြည့်တယ်။ သူ့ရဲ့ ကဒ္ဒိပါတ်တွေကို ကျနော် နားမလည်သေးဘူး ဆိုတဲ့ အကြည့်မျိုး ...။ ''ကျနော် သိတာပေါ့။

ဒါပေမဲ့ ကျနော့်ကို ဒီလိုလာလုပ်လို့မရအောင် ဗိုလ်ခင်ညွန့်ရဲ့မိစ္ဆာကောင်တွေက အတင်းတားထားတယ်။ အဲဒီ တားထားတဲ့ကြားက ကျနော် ရောက်အောင်လာဖို့ ဆုံးဖြတ်ပြီး လာခဲ့တာ၊ မလွယ်ဘူးနော် အစ်ကို။ လမ်းမှာ ကျနော် သွေးအန်ပြီး သေသွားနိုင်တယ်။ ဒီမိစ္ဆာတွေနဲ့ ကျနော် လမ်းမှာ တောက်လျှောက် အားပြိုင်ခဲ့ရတာ။''

သူက အောင်ပွဲတခုရလာတဲ့ ပုံစံမျိုး၊ ကျနော် မျက်ရည်မကျအောင် အတော်ထိမ်းထားရတယ်။ ကျနော့်ညီလေး ကောင်းပါတော့မလား။ အလွန်စိတ်ထားဖြူစင်ပြီး လူတကာအပေါ်မှာ မေတ္တာထားနိုင်ခဲ့တဲ့သူ။ သူ့ကို ဘယ်လိုစိတ်ဖိစီးမှုတွေက ဒီလိုဖြစ်သွားအောင် တွန်းပို့လိုက်တာလဲ။ အဲဒီ စိတ်ဖိစီးမှုတွေကို ဘယ်သူ ဖန်တီးလိုက်တာလဲ။ အဲဒီ့ တရားခံကို ကျနော်သိတယ်။

(၁၁)

သူနဲ့ ကျနော် တနေကုန် စကားပြောကြတယ်။ တခါတခါ စကားတွေက မှန်ပြီး မကြာမကြာ စကားတွေက မှားတယ်။ ညနေယွန်းယွန်းကျတော့ သူ ပြန်တော့မယ်လို့ နှုတ်ဆက်တယ်။ အိမ်အပြင်ရောက်ခါနီးမှ တိုးတိုးလေးကပ်ပြောသွားတဲ့စကား ကျနော် ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ဘူး။

''အစ်ကို လူတိုင်းကို အရင်လို မအောင်းမေ့နဲ့နော်၊ တချို့သစ္စာဖောက် ဖြစ်ကုန်ပြီ' တဲ့။

နှုတ်ခမ်းပေါ် လက်ညှိုးလေးကပ်ပြီး ရင်းရင်းနှီးနှီးသတိပေးနေတဲ့ ကျနော့်ရဲ့ရဲဘော်။

စိုက်စိုက် စိုက်စိုက်နဲ့ ကားဂိတ်ဆီထွက်သွားတဲ့ သူ့ကျောကို ကျနော့်မျက်ရည်တွေကြားက ခပ်ဝါးဝါး မြင်လိုက်ရတဲ့ အဲဒီညနေဟာ ဘယ်လောက်များအကျည်းတန်လိုက်ပါသလဲ။ အဲဒီလိုညနေတွေ ကုန်ဆုံးလွန်မြောက်သွားမယ့် တနေ့ကို ကျနော် ဖန်တီးပါရစေ။

အဲဒီညနေတွေကို ကျနော်မုန်းတယ်။ ညနေတွေကို အကျည်းတန်စေသူတွေကို ကျနော်မုန်းတယ်။

ညနေတွေကို ပြန်လည်လှပလာစေဖို့ ကျနော့်ကို ခရီးထွက်ခွင့်ပြုပါ။

ကျနော် ခရီးထွက်ပါရစေ ခင်ဗျာ။

**ဖွန်မိုင်း**

၁၁–၁–၂၀၀၆

လူ့ဘောင်သစ်ဂျာနယ်၊ အတွဲ ၁၀၊ အမှတ် ၃ (၂၀၀၆ ခုနှစ်၊ ဇန္နဝါရီလ)

# NUCC ပြည်သူ့ညီလာခံ နှင့် လူနည်းစုအသံ

**Arakan Express News** မှ မမသီရိ မေး၍
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်နင်းနင်းမွှေး ဖြေကြားသည်

မေး။ ။ ဆရာမအနေနဲ့ NUCC ပြည်သူ့ညီလာခံမှာ ဘယ်ကိုယ်စားပြုအနေနဲ့ တက်ခဲ့တာလဲ။ NUCC ထဲမှာ ဘယ်နေရာတွေက ပါဝင်နေလဲ။

ဖြေ။ ။ NUCC ရဲ့ ဒုတိယအကြိမ် ပြည်သူ့ညီလာခံမှာ ကျမက လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုပြီးတော့ ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျမတို့ ဒီညီလာခံကို ဖိတ်ကြားတဲ့အခါမှာ NUCC အဖွဲ့ဝင် အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေရယ်၊ အထူးဖိတ်ကြားသူတွေရယ်၊ လေ့လာသူတွေရယ် ဆိုပြီးတော့ အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်ထားတဲ့ အထဲက ကိုယ်စားလှယ်အဖြစ်နဲ့ တက်ခဲ့တာဖြစ်ပါတယ်။ နောက်ပြီး ကျမက NUCC ရဲ့ နိုင်ငံရေးပါတီများ အစုအဖွဲ့မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စားလှယ်တယောက်အနေနဲ့လည်း ပါဝင်လျှက်ရှိပါတယ်။ NUCC မှာ အစုအဖွဲ့ကြီး ၅ ခု ရှိပါတယ်။ တခုက နိုင်ငံရေးပါတီများအစုအဖွဲ့ ဖြစ်ပါတယ်။ ကျမတို့ပါတီက နိုင်ငံရေးပါတီများ အစုအဖွဲ့မှာ ပါဝင်တဲ့ တခုတည်းသောပါတီ ဖြစ်ပါတယ်။ နောက်ထပ် အစုအဖွဲ့တခုကတော့ ရွေးကောက်ခံကိုယ်စားလှယ်များအစုအဖွဲ့ ဖြစ်ပါတယ်။ အဲ့ဒီမှာဆိုလိုရှိရင် CRPH နဲ့ MUP (၁၉၉၀ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တွေ) ပါဝင်ပါတယ်။ နောက်တခုက နွေဦးတော်လှန်ရေး အစုအဖွဲ့ပါ။ အဲ့ဒီမှာဆိုရင် သပိတ်ကော်မတီတွေ၊ အမျိုးသမီးသမဂ္ဂတွေ၊ အရပ်ဖက်အဖွဲ့အစည်းတွေ ပါတယ်။ ဒီလိုမျိုး အစုအဖွဲ့တွေ စုထားတာဖြစ်ပါတယ်။ နောက်တခုကကျတော့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများဆိုတဲ့ အစုအဖွဲ့ရှိပါတယ်။ အဲ့မှာဆိုရင် KNU၊ KNPP၊ ABSDF စတဲ့ အဖွဲ့အစည်းတွေ ပါပါတယ်။ နောက်ထပ် အစုအဖွဲ့တခုကတော့ ပြည်နယ်အဆင့် ဖက်ဒရယ်ကောင်စီတွေ ဖြစ်ပါတယ်။ အဲ့လိုမျိုး အစုအဖွဲ့ ၅ ခုနဲ့ ဖွဲ့စည်းထားတဲ့နေရာမှာ ကျမက နိုင်ငံရေးပါတီများ အစုအဖွဲ့မှာ ကိုယ်စားလှယ်အနေနဲ့ ပါဝင်လျက် ရှိပါတယ်။




မေး။ ။ ဆရာမအနေနဲ့ ပါဝင်ခဲ့တဲ့အတိုင်းအတာမှာ ဒီပြည်သူ့ညီလာခံရဲ့ အားနည်းချက်၊ အားသာချက်တွေကို ပြောပြပေးပါလား။

ဖြေ။ ။ ဟုတ်ကဲ့ အမှန်တကယ်ဆိုရင် ကျမတို့က ပြည်သူ့ညီလာခံကို ၆ လတကြိမ် ကျင်းပရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျမတို့ကြားထဲမှာ ဆွေးနွေးညှိနှိုင်းမှုတွေ မပြီးပြတ်သေးတဲ့အတွက်ကြောင့်မို့ ညီလာခံကို ၆လအကြာမှာ မကျင်းပနိုင်ခဲ့ဘဲနဲ့ ၂ နှစ်ကျော်ကြာမှ ညီလာခံကို ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါက NUCC တစ်ခုလုံးရဲ့ အားနည်းချက်ဖြစ်ပါတယ်။ ဒါပေမဲ့ ညီလာခံကျင်းဖို့လို့ ကျမတို့ ပြင်ဆင်ခဲ့တဲ့အခါမှာ ညီလာခံကျင်းပဖို့ကို အစုအဖွဲ့ငါးခုစလုံးက သဘောတူပြီးတော့ ညီလာခံကို ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ညီလာခံအတွက် ပြင်ဆင်မှု တစ်စုံတရာအားနည်းခဲ့ပါတယ်။ ညီလာခံအစီအစဉ်တွေ ပြင်ဆင်တဲ့နေရာ၊ ဖိတ်ကြားတဲ့နေရာ၊ အဲ့လိုနေရာတွေမှာ ကျမတို့အနေနဲ့ အားနည်းချက် ချို့ယွင်းချက်တွေ ရှိခဲ့တယ်။ ပြီးခဲ့တဲ့ ပြည်သူ့ညီလာခံနဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲမှာလည်း ပြည်သူတွေကို အတိအလင်း ဝန်ခံထားပြီး ဖြစ်ပါတယ်။ အားနည်းချက်တွေကို တောင်းပန်ပြီး ဖြစ်ပါတယ်။ နောက်တကြိမ်ညီလာခံမှာ ဒီလိုမျိုး မဖြစ်ရအောင် ဒီညီလာခံကနေပြီး သင်ခန်းစာတွေယူပြီး ကြိုးစားသွားမယ်ဆိုတဲ့အချက်ကို ကျမတို့ ပြောကြားထားပြီး ဖြစ်ပါတယ်။

ခုအချိန်ဟာ တော်လှန်ရေးအတွက်ကို အရေးပါတဲ့ အချိန်ကာလ ရောက်နေပြီဆိုတာကို အားလုံးက သိကြပြီးဖြစ်ပါတယ်။ နိုင်ငံ့အာဏာကို မတရားရယူထားတဲ့ အကြမ်းဖက်စစ်အုပ်စုက အခုဆိုရင် စစ်ရေးမှာပဲ ဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ် ကျန်တဲ့ ဘယ်ကိစ္စမှာမဆို သူတို့မှာ အကြပ်အတည်းတွေ ဖြစ်နေတာ ကျမတို့ တွေ့ရတယ်။ သူတို့ရဲ့ထွက်ပေါက်အနေနဲ့ အများကြီးလုပ်နေတာ ကျမတို့တွေ့ရတယ်။ ဒီ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မဖြစ်ဖြစ်အောင် ကျင်းပမယ်ဆိုတဲ့ ပုံစံမျိုးတွေ တွေ့နေရတယ်၊

နောက်တခါကျတော့ သူတို့ရဲ့ စစ်သားအရင်းအမြစ်နည်းပါးမှုကို ဖော်ပြတဲ့အနေနဲ့ အတင်းအဓမ္မ စစ်သား စုဆောင်းတာတွေ လုပ်နေတယ်။ ဒါမျိုးတွေကို ကြည့်ခြင်းအားဖြင့် စစ်အုပ်စုဟာ အဖက်ဖက်က အကြပ်အတည်းတွေ တွေ့နေရတယ်ဆိုတာ ကျမတို့ တွေ့ရပါတယ်။

ဒီလို အခြေအနေအချိန်အခါမျိုးမှာ ပြည်သူ့ညီလာခံ ကျင်းပလိုက်တဲ့အခါ ကျမတို့ကြားထဲမှာ၊ အစုအဖွဲ့တွေကြားထဲမှာ စုဆုံဆွေးနွေးပြီး သဘောထားတွေ၊ အမြင်တွေ ဖလှယ်နိုင်တယ်။ ဆုံးဖြတ်ချက်တွေ ချနိုင်ခဲ့တယ်ဆိုတာက ဒါကျမတို့ရဲ့ အားကောင်းချက်ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒါပေမဲ့ တဖက်က အားနည်းချက်အနေနဲ့ ဆိုလို့ရှိရင်တော့ ကျမအချင်းချင်းကြားမှာရှိတဲ့ သဘောထားတွေကို ညှိနှိုင်းတိုင်ပင် နိုင်တဲ့၊ ဆွေးနွေးနိုင်တဲ့ အချိန်ကာလအတိုင်းအတာ သတ်မှတ်ချက်က တော်တော်နည်းပါးခဲ့တာ တွေ့ရတယ်။ နောက် ကျမတို့ကြားထဲမှာ ပွတ်တိုက်မှုတွေ၊ သဘောထားမတိုက်ဆိုင်မှုတွေလည်း ရှိတာကို တွေ့ရပါတယ်။ အားနည်းချက်လို့ဆိုရသော်လည်းပဲ ကျမကတော့ ဒါတွေကို အားသာချက်အဖြစ် ဘယ်လို ပြောင်းနိုင်မလဲ ဆိုတဲ့ဘက်ကပဲ စဉ်းစားပါတယ်။ တော်လှန်ရေးအစုအဖွဲ့၊ နိုင်ငံရေးအစုအဖွဲ့တွေက နှစ်ပေါင်းများစွာ ကျမတို့ကြားမှာ ဆွေးနွေးနိုင်ခဲ့တာ ညှိနှိုင်းနိုင်ခဲ့တာ၊ ကျမတို့ကြားမှာ ပြေပြေလည်လည် စကားပြောနိုင်တဲ့ နီးကပ်တဲ့ ဆက်ဆံရေးမျိုးက သိပ်မရှိခဲ့တာ ဖြစ်တယ်။ ခုတော်လှန်ရေးကာလကျတော့မှ ကျမတို့ကြားထဲမှာ ရင်းနှီးနီးကပ်တဲ့ ဆက်ဆံရေးနဲ့ တစုံတရာစကားပြောနိုင်ခဲ့တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုမျိုး ကွဲလွဲချက်တွေ၊ မတူညီတာတွေ ရှိတာက သဘာဝပဲဖြစ်တယ်လို့ ကျမကတော့ အဲ့လို မြင်ပါတယ်။ ကျမတို့ရှေ့သွားမယ့် အခင်းအကျင်း အလားအလာမှာဆိုရင် မတူညီတဲ့ ကိစ္စတွေကို တူညီအောင်၊ ဆွေးနွေးကြရမယ်။ အဲ့လို မတူညီနိုင်သေးခင် စပ်ကြားမှာ ကျမတို့ကြားထဲရှိတဲ့ အတူတူအလုပ်လုပ်နိုင်မယ့် ကိစ္စတွေ ဖန်တီးကြမယ်ဆိုတာက အလေ့အကျင့်ကောင်းတွေဖြစ်တယ်လို့ ကျမကတော့ ယူဆပါတယ်။

မေး။ ။ ဆရာမတို့ ကျင်းပခဲ့တဲ့ ပြည်သူ့ညီလာခံမှာ လူနည်းစုတွေရဲ့အသံက ဘယ်လောက်ထိ ပါဝင် နိုင်ခဲ့တယ်လို့ ထင်ပါသလဲ။

ဖြေ။ ။ လူနည်းစုတွေရဲ့အသံလို့ ပြောတဲ့အထဲမှာ ခုနက ကျမပြောတဲ့အထဲမှာ တစုံတရာပါပြီလို့ ထင်ပါတယ်။ ကျမတို့က ဖိတ်ကြားရေးအပိုင်းမှာ အားနည်းတာတွေ ရှိခဲ့ပါတယ်။ တတ်နိုင်သမျှ စုံစုံစေ့စေ့ ဖိတ်နိုင်အောင် ကြိုးစားပေးမယ်လို့ ဖိတ်ကြားတဲ့နေရာမှာ လိုအပ်ချက်တွေ ရှိခဲ့တယ်။ ချို့ယွင်းချက်တွေ ရှိခဲ့ပါတယ်။ နောက်ပိုင်းညီလာခံတွေ ကျလို့ရှိရင် ကျမတို့ ပြင်ဆင်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ လူနည်းစုတွေရဲ့ အသံကို ထင်ဟပ်နိုင်ဖို့ တတ်နိုင်သမျှကြိုးစားခဲ့တယ်လို့ ယူဆရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျမ က ဖိတ်ကြားရေးဘက်မှာ မပါတဲ့အတွက်ကြောင့်မို့လို့ပေါ့နော်။ ဒီညီလာခံမှာ တက်ရောက်ပြီးတော့ ဆွေးနွေးခဲ့ကြတဲ့ သူတွေထဲမှာဆိုရင် လူနည်းစုတွေရဲ့အသံကို နားထောင်ဖို့လိုတယ်။ ရိုဟင်ဂျာကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ညီလာခံတက်ရောက်သူတွေကြားထဲမှာ ပြောဆိုဆွေးနွေးတဲ့အချက်ကို ကျမ တွေ့ရပါတယ်ရှင့်။

မေး။ ။ အနာဂတ်နိုင်ငံရေးမှာ ရိုဟင်ဂျာတွေအနေနဲ့ အဆင်ပြေပြေနဲ့ ပါဝင်လာလိမ့်မယ်လို့ ဆရာမအနေနဲ့ ထင်မိသလား။

ဖြေ။ ။ ပထဆုံးပြောချင်တာက ရိုဟင်ဂျာအရေးနဲ့ ပတ်သက်ရင် ကျမတို့နိုင်ငံမှာ စစ်တပ်က ဒီကိစ္စကို မဖြစ်ဖြစ်အောင် ဆွနေတာကို ကျမတို့သတိထားဖို့ လိုပါတယ်။ ကျေးဇူးတင်ဖို့ကောင်းတာကတော့ အဲ့ဒီဒေသမှာ ဦးဆောင်နေတဲ့ ခေါင်းဆောင်များက သဘောထားက တကယ်လည်းအရေးကြီးပါတယ်။ ရခိုင့်တပ်တော် AA ဆိုရင် ဒါနဲ့ပတ်သက်ပြီး တော်တော်ကြီးကိုသတိထားပြီးတော့ ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်တယ်ဆိုတာ ကျမတို့ တွေ့ရတယ်။ သူတို့ဆီမှာ မှန်ကန်တဲ့သဘောထားအမြင်တွေ တစုံတရာ ရှိတယ်ဆိုတာ တွေ့ရတယ်။ တဖက်ကလည်း စစ်တပ်က အမြဲတမ်းပဲ လူနည်းစုတွေအပေါ်မှာ၊ ဘာသာတရားတွေအပေါ်မှာ အမြဲတမ်းပဲ သူတို့ရဲ့ အကျိုးစီးပွားအတွက် အသုံးချခဲ့တယ်ဆိုတာ တွေ့ရတယ်။ စစ်တပ်ကနေ ယူနီဖောင်းချွတ် အရပ်ဝတ်လဲပြီးတော့ အာဏာယူခဲ့တဲ့ ဦးသိန်းစိန် လက်ထက်မှာပဲဖြစ်ဖြစ်၊ ဒီ့အရင် ဒီ့အရင်တွေမှာပဲဖြစ်ဖြစ် လူမျိုးရေး၊ ဘာသာရေးဆိုတာက စစ်တပ်ရဲ့လက်သုံး၊ သူတို့ရဲ့ အကြပ်အတည်းကနေ ထွက်ပေါက်အဖြစ် အမြဲ ကြိုးစားခဲ့တယ်။

ဖိနှိပ်ခံရသူတွေကလည်း လတ်တလော ဖိနှိပ်မှုက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုသာ ကြည့်မနေဘဲနဲ့ ငါတို့လူမျိုး လွတ်မြောက်ဖို့ကို ရေရှည်မှာ ဘာကအကျိုးရှိနိုင်မလဲဆိုတဲ့ကိစ္စကို စဉ်းစားကြဖို့ လိုတယ်။ အရမ်းဖိနှိပ်ခံရတဲ့အခါမှာ သဘာဝအရ အကြောက်တရားကြောင့် ခုနကပြောတဲ့ ကိစ္စတွေ ဖြစ်ကောင်း ဖြစ်လာနိုင်တယ်။ သို့သော်လည်းပဲ ပြဿနာကြီးကြီးမားမားအထိ ဖြစ်မလာသေးဘူးဆိုတာ တွေ့ရတယ်။ ဒါက ကောင်းတဲ့ကိစ္စဖြစ်တယ်။ ပြဿနာကို ပိုပြီးကြီးထွားမလာအောင်၊ ပြဿနာကို သေးသွားအောင် နှစ်ဦးနှစ်ဖက်မှာ တာဝန်ရှိတယ်လို့ထင်တယ်။ နှစ်ဦးနှစ်ဖက်ဆိုရာမှာ စစ်တပ်ကိုတော့ ထည့်မပြောတော့ဘူး။ သူက အမြဲပဲ ပြဿနာကို ကြီးထွားအောင်လုပ်တဲ့သူ ဖြစ်တယ်။ အဲ့ဒေသမှာ အတူယှဉ်တွဲပြီးတော့ နေထိုင်ကြတဲ့သူတွေ ကြားထဲမှာရှိတဲ့ အမုန်းတရားတွေကို ပွားများခြင်းဟာ နှစ်ဖက်စလုံးအတွက် အကျိုးမရှိဘူးဆိုတာကိုလည်း ဒေသခံတွေကိုယ်တိုင် နားလည်သဘောပေါက်ထားကြဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။

ကျမတို့ အခု ပြောနေကြတယ်။ နောက်လာမယ့်အနာဂတ်မှာ နိုင်ငံရေးမှာ စစ်တပ်မပါဝင်တော့တဲ့ နိုင်ငံကို သွားကြမယ်။ ဘာသာရေးကို အခြေမခံတဲ့နိုင်ငံအဖြစ် သွားကြမယ်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို သွားကြမယ်။ အဲ့လို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို သွားမယ် ဆိုလို့ရှိရင် လူနည်းစုတွေရဲ့အသံကို သေသေချာချာ နားထောင်ဖို့လိုပါတယ်။ သူက လူနည်းလို့ ငါတို့က သူ့ရဲ့ရပိုင်ခွင့်ကို ဖိနှိပ်လိုက်မယ် ဆိုတာမျိုးက လုပ်ထားလို့မရပါဘူး။ လူ့အခွင့်အရေး စံချိန်စံညွှန်းတွေတင်မကဘဲ အဲ့ဒီဒေသမှာ နေထိုင်ကြတဲ့ လူမျိုးစုတွေ၊ နောက်တခါ သူတို့ရဲ့ ဘာသာဓလေ့ထုံးတမ်းတွေ၊ သူတို့ရဲ့ သမိုင်းအစဉ်အလာတွေ၊

မတူတာတွေ အများကြီး ရှိနိုင်ပါတယ်။
ကွဲလွဲတာတွေ အများကြီး ရှိနိုင်ပါတယ်။
သဘောထားချင်း မတိုက်ဆိုင်တာတွေ
အများကြီး ရှိနိုင်ပါတယ်။
ဒါပေမဲ့ အဲ့ဒါတွေကို ကျမတို့က
တချက်ချင်း တချက်ချင်း
စိတ်ရှည်လက်ရှည်နဲ့
ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြဖို့
ဖြေရှင်းနိုင်ကြဖို့ လိုတယ်လို့
ထင်ပါတယ်။

အဲ့ဒါတွေကို ချိန်ညှိပြီးတော့ ဘယ်လိုမျိုး အတူလက်တွဲပြီး ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ကြမလဲဆိုတာကို အဲ့ဒေသမှာရှိတဲ့သူတွေကိုယ်တိုင် ဆုံးဖြတ်ကြရမှာဖြစ်တယ်။ ကျမတို့က တဖက်သတ် ဝင်ဆုံးဖြတ်ပေးလို့ မရပါဘူး။ ငြိမ်းချမ်းရေးကို မျှော်ကိုးပြီးတော့ ရလဒ်ကောင်းတခုကို ရနိုင်မယ့်အထိသာ ကျမတို့ ဝိုင်းဝန်းပံ့ပိုး ပေးတာ၊ ကူညီပေးတာတို့ပဲ လုပ်လို့ရမှာပါ။ တကယ်တမ်း လုပ်ဆောင်ရမယ့်သူတွေက အဲ့ဒီဒေသမှာရှိတဲ့ သူတွေ ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ NUCC ညီလာခံတုန်းကဆိုရင် ကျမတို့ပြောခဲ့တဲ့ကိစ္စတွေ ရှိပါတယ်။ ၁၉၈၂ နိုင်ငံသား ဥပဒေဟာ ကျမတို့နိုင်ငံမှာရှိတဲ့ လူမျိုးတွေ၊ ဘာသာတွေကြားထဲမှာ ခွဲခြားဖိနှိပ်ထားတာဖြစ်တယ်။ ဒါမျိုးတွေကို နောင်လာမယ့်အနာဂတ်မှာ ကျမတို့ကိုယ်တိုင် လက်မခံဖို့လိုတယ်။ ပယ်ဖျက်နိုင်ဖို့ လိုတယ်။ နောက်ထပ် ထပ်ပြီးတော့ မပြဌာန်းနိုင်ဖို့ လိုတယ်။ လူသားတယောက်က လူသားဖြစ်လာတဲ့အချိန်မှာ သူ့ရဲ့ အခြေခံလူ့အခွင့်အရေးတွေ ရဖို့ဆိုတာက အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ တပြိုင်နက်တည်းမှာပဲ သူ့ရဲ့ပတ်ဝန်းကျင်မှာ သဟဇာတဖြစ်စွာ နေနိုင်ဖို့နဲ့ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတရပ်ကို ထူထောင်နိုင်ဖို့ ဆိုတာကလည်း တကယ်အရေးကြီးတဲ့ကိစ္စဖြစ်တယ်။ လာမယ့် အနာဂတ်ပြည်ထောင်စုမှာ ရိုဟင်ဂျာတင် မကပါဘူး၊ ကျန်တဲ့တိုင်းရင်းသား လူမျိုးစုတွေကြားထဲမှာလည်း ခုနကပြောခဲ့တဲ့ အချက်အလက်တွေ ပြည့်စုံသွားမယ်ဆိုရင် ကျမတို့ကြားထဲမှာ တကယ်ကိုငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတရပ်၊ တကယ်ကို ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မယ်လို့ ကျမက ယုံကြည် ယူဆပါတယ်ရှင့်။

**မေး။** ။ ရိုဟင်ဂျာတွေအနေနဲ့ အနာဂတ် ဖက်ဒရယ်နိုင်ငံရေးမှာ သူတို့အနေနဲ့ ပါဝင်နိုင်မှုရှိဖို့ကို သူတို့ ကျော်ဖြတ်ရမယ့် အရာတွေက ဘာတွေဖြစ်မလဲ ဆရာမရှင့်။ ပြီးတော့ အဲ့ဒေသမှာ ရေရှည်ငြိမ်းချမ်းရေး အတွက် ဘယ်လိုဆောင်ရွက်သွားကြရမလဲ၊ အပြင်ကနေပြီးတော့ အတွင်းကနေပြီးတော့ ဘယ်လို ကူညီ ပံ့ပိုးမှုမျိုးတွေ၊ ဘယ်လိုဆောင်ရွက်မှုမျိုးတွေ လုပ်ရမလဲဆိုတာကို သုံးသပ်ချက်လေး ပေးပေးပါဦး။

**ဖြေ။** ။ ဟုတ်ကဲ့ ကျမတို့ရဲ့လေ့လာချက်အရဆိုလို့ရှိရင် အဲ့ဒီ ရိုဟင်ဂျာတွေဟာ ရခိုင်ဒေသမှာ နှစ်ပေါင်း များစွာ ငြိမ်းငြိမ်းချမ်းချမ်း လက်တွဲပြီးတော့ အတူယှဉ်တွဲ နေထိုင်နိုင်ခဲ့တဲ့အခြေအနေ တစုံတရာရှိခဲ့တယ်။ ဒါပေမဲ့ စစ်တပ်က အမြဲတမ်းပဲ သူတို့ရဲ့ ပိတ်ဆို့နေတဲ့တံခါးတွေကို ဖွင့်နိုင်ဖို့အတွက် ထွက်ပေါက်အဖြစ်နဲ့ လူမျိုးရေး၊ ဘာသာရေးတွေကို အသုံးချနေတာ ဖြစ်တယ်။ ပြီးခဲ့တဲ့ NLD အစိုးရလက်ထက်မှာ ဆိုရင်လည်း ပြဿနာအကြီးကြီး ဖြစ်ခဲ့တယ်။ ရိုဟင်ဂျာအမြောက်အမြား သေကြေပျက်စီးခဲ့ရတယ်။ အမြောက်အမြား ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ ဒါကို ကျမတို့က သမိုင်းရဲ့သင်ခန်းစာကို ရယူကြရမှာ ဖြစ်တယ်။ ကျမတို့ ရှေ့လျှောက် ငြိမ်းငြိမ်းချမ်းချမ်း ဘယ်လိုနေနိုင်ကြမလဲ၊ ဒါကို ကျမတို့ သေသေချာချာ စဉ်းစားကြဖို့ လိုတယ်လို့ ယူဆပါတယ်။ စစ်တပ် ကျမတို့ရဲ့ နိုင်ငံရေးက ထွက်သွားပြီဆိုရင်တော့ ကြီးမားတဲ့ ဖိနှိပ်မှုကြီးတွေ မရှိနိုင်တော့ဘူးလို့ ကျမတယောက်တည်းအနေနဲ့ အဲ့လိုပဲမြင်ပါတယ်။

သို့သော်လည်း အချို့သော အခက်အခဲ၊ အတားအဆီးတွေ အများကြီး ရှိနိုင်ပါတယ်။ အဲ့ဒါတွေကို ကျမတို့က စိတ်ရှည်လက်ရှည်နဲ့ သည်းခံစိတ်ရှိရှိနဲ့ နိုင်ငံရေးအမြော်အမြင်ရှိရှိနဲ့ ဖြတ်သန်းကြဖို့ လိုလိမ့်မယ်လို့ ယူဆပါတယ်။ ရေရှည် အတူတကွလက်တွဲပြီးတော့ နေထိုင်ကြရမယ့် သူတွေရဲ့ ကြားထဲမှာ ညှိနှိုင်းတိုင်ပင်

ဆွေးနွေးမှုဆိုတဲ့ကိစ္စက အရေးကြီးတဲ့ကိစ္စလို့ ကျမကတော့ထင်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် မိသားစု တစုထဲမှာ နေထိုင်ကြတဲ့လူတွေချင်းတောင်မှပဲ တချို့ကိစ္စတွေမှာ မညှိနှိုင်းဘဲ၊ မတိုင်ပင်ဘဲ အဖေလုပ်တဲ့ သူက အမေလုပ်တဲ့သူက အာဏာသုံးပြီးတော့ လုပ်လိုက်တယ်ဆိုရင် ရေရှည်မှာ သူတို့မိသားစုထဲမှာ ငြိမ်းချမ်းနိုင်မှာမဟုတ်ဘူး။ မိသားတစုထဲမှာတောင်မှ သဘောတူ ကိုက်ညီအောင် ညှိနှိုင်းရတဲ့ကိစ္စမျိုးတွေ ရှိတယ်ဆိုရင် အဲ့ဒေသမှာ နေကြတဲ့သူတွေ အချင်းချင်းကြားထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့အတွက် အနာဂတ်အတွက် ဘာဖြစ်လို့ မညှိနှိုင်းနိုင်ရမှာလဲ။ ကျမကတော့ အဲ့လို တွေးပါတယ်။ မတူတာတွေ အများကြီး ရှိနိုင်ပါတယ်။ ကွဲလွဲတာတွေ အများကြီး ရှိနိုင်ပါတယ်။ သဘောထားချင်း မတိုက်ဆိုင်တာတွေ အများကြီး ရှိနိုင်ပါတယ်။ ဒါပေမဲ့ အဲ့ဒါတွေကို ကျမတို့က တချက်ချင်း တချက်ချင်း စိတ်ရှည်လက်ရှည်နဲ့ ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြဖို့ ဖြေရှင်းနိုင်ကြဖို့လိုတယ်လို့ ထင်ပါတယ်။

အဓိကကတော့ ဒီကိစ္စရဲ့ အဆုံးထိအောင် ငါတို့ သွားနိုင်ရမယ်။ ဒီပြဿနာရဲ့ အဖြေရောက်တဲ့အထိ သွားနိုင်ရမယ်ဆိုတဲ့ စိတ်ဆန္ဒရှိဖို့ပဲ လိုပါတယ်။ အဲ့လိုမဟုတ်ဘဲ ငါတို့ကတော့ ဒီကိစ္စကတော့ အဖြေမရနိုင်ဘူး၊ ဒီကိစ္စကတော့ မဟုတ်ဘူးဆိုတဲ့ အပြုသဘောမဆောင်တဲ့ အပျက်သဘောဘက်က စဉ်းစားမယ်ဆိုရင်တော့ ဘယ်ကိစ္စကမှ အဖြေထိရောက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ အားလုံးဝိုင်းပြီး တော့ ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြဖို့ လိုပါတယ်။ အတိတ်မှာဖြစ်ခဲ့တဲ့ သင်ခန်းစာတွေကို ရယူဖို့လိုတယ်။ အနာဂတ်မှာ ကိုယ်လိုချင်တဲ့ လူ့အဖွဲ့အစည်း၊ ကိုယ်လိုချင်တဲ့ပုံစံ၊ ကိုယ်လိုချင်တဲ့ ပြည်ထောင်စု ဒါတွေကို ကျမတို့ သေသေချာချာ စဉ်းစားပြီးတော့ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြမယ်။ တဖက်နဲ့တဖက် အပေးအယူ အလျှော့အတင်း သေသေချာချာလုပ်နိုင်ကြမယ်ဆိုရင်တော့ ကျမတို့လိုချင်တဲ့ အခြေအနေတခုကို ရောက်ရှိ လာနိုင်မှာပါ။ အဲ့လိုမဟုတ်ဘဲ ငါကတော့ ဒီကိစ္စကို လိုချင်တာ၊ ဒါကိုပဲလိုချင်တာ မင်းတို့ကတော့ ဒါကိုလာပြီး ဈေးမဆစ်နဲ့ ဆိုတဲ့ပုံစံမျိုးကတော့ အဖြေတခုကို ရနိုင်မှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးကို ရနိုင်မှာ မဟုတ်ပါဘူး။ အဲလို ဆောင်ရွက်တဲ့နေရာမှာ ဖက်ဒရယ် ပြည်ထောင်စုကို သွားမယ်ဆိုတဲ့ စိတ်ဓာတ်ကို သေချာထားကြဖို့ လိုတယ်လို့ ကျမကတော့ မြင်ပါတယ်။ ကိုယ့်အချင်းချင်းကြားထဲမှာရှိတဲ့ မဟာမိတ်တွေကြားထဲမှာရှိတဲ့ ပြဿနာတွေကို မတူညီမှုတွေကို ကွဲလွဲမှုတွေကို သေသေချာချာ နားလည်ပြီး တော့ ဖြေရှင်းနိုင်ဖို့ စိတ်ဆန္ဒနဲ့ သွားကြမယ်ဆိုလို့ရှိရင်တော့ ကျမတို့ လိုချင်တဲ့ အခြေအနေကို မလွဲမသွေ ရောက်ရှိမယ်လို့ ယုံကြည်ယူဆပါတယ်။

**ဒေါ်နှင်းနှင်းမွှေး**
တွဲဖက်အထွေထွေအတွင်းရေးမှူး
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## လူ့ဘောင်သစ်လူငယ်နှင့် မဟာမိတ်များက
## မတရားစစ်မှုထမ်းဥပဒေဆန့်ကျင်ရေး လှုံ့ဆော်မှုပြုလုပ်



၂၀၂၄၊ မေလ၊ ၁၉ ရက်နေ့က လူ့ဘောင်သစ်လူငယ်နှင့် မဟာမိတ်များဖြစ်သော ဗကသများ အဖွဲ့ချုပ်၊ ပြည်သူ့ရင်ခွင်၊ Kyimyidaing Networks (KMD18)၊ Mayangone Democratic front(MDF)၊ Owl community၊ လင်းရောင်နီ(လူငယ်အဖွဲ့အစည်း)၊ ရေဘဝဲ(ပြည်သူ့အကျိုးပြုလူငယ်အဖွဲ့အစည်း)၊ စမ်းချောင်းပင်မသပိတ်စစ်ကြောင်း(SC Strrike)တို့ ပူးပေါင်း၍ ဖက်ဆစ်တပ်၏ မတရားစစ်မှုထမ်းဥပဒေကို ပြည်သူလူထုအနေဖြင့် ပူးပေါင်းဆန့်ကျင်ကြရန် အသိပညာပေး လှုံ့ဆော်ဝါဒဖြန့် ပိုစတာများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဖြန့်ဝေခဲ့ကြသည်။

---

## ကရင်လူငယ်အစည်းအရုံး(KYO) ၃၅နှစ်ပြည့်အခမ်းအနား




၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျရောက်သော ကရင်လူငယ်အစည်းအရုံး(KYO)၏ ၃၅ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ကရင်လူငယ်အစည်းအရုံး(ဗဟို) တည်ရှိရာ သေ့ဘောထတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ လူ့ဘောင်သစ်လူငယ်(YNS)မှ ဗဟိုကော်မတီဝင် ရဲဘော်လင်းသူ တက်ရောက်ဂုဏ်ပြုခဲ့ပါသည်။